ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့၊ (21-6-2011) (၆၇၉၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ၁၆ ရာခိုင်နှုန်းသို့ လျှော့ချရမည့် လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီအသီးသီး ဖွဲ့စည်းပြီးဖြစ်

မိမိအကျိုးအတွက်နှင့် အများအကျိုးအတွက် အမှန်တကယ် အလုပ်လုပ်လိုသော ကျေးလက်နေပြည်သူများနှင့် ပူးပေါင်း၍ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်

နေပြည်တော် ဇွန် ၂၀

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီ၏ (၁/၂၀၁၁)အစည်းအဝေးတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အဆိုပါအမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

မိမိတို့ မြန်မာနိုင်ငံလူဦးရေဟာ သန်း(၆၀)ခန့်ရှိတဲ့အနက် (၇၀)ရာခိုင်နှုန်းခန့်ဟာ ကျေးလက်နေပြည်သူများ ဖြစ်ကြပါတယ်။ ဆင်းရဲနွမ်းပါးကြသူ အများစုဟာလည်း အဲဒီကျေးလက်တွေမှာ နေထိုင်ကြသူတွေဖြစ်ပါတယ်။

ဆင်းရဲနွမ်းပါးကြတဲ့ ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယခင်အစိုးရလက်ထက်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်(၅)ရပ်ကိုချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သန့်ရှင်းတဲ့သောက်သုံးရေနဲ့ စိုက်ပျိုးရေရရှိရေးစတဲ့ ကဏ္ဍတွေမှာ အခြေခံကောင်းတွေ အထိုက်အလျောက်ရှိခဲ့ပြီဖြစ်ပါတယ်။

ဒီအခြေခံကောင်းတွေကို အခြေခံပြီး ကျေးလက်ဒေသများမှာ စီးပွားရေးအခွင့်အလမ်းတွေ ပိုမိုဖြစ်ထွန်းအောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝ ပိုမို၍ဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲနွမ်းပါးမှုများကိုလည်း အထိုက်အလျောက် လျှော့ချသွားနိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ပြီးခဲ့တဲ့ မေ ၂၀ ရက်က နေပြည်တော်မှာ ပြုလုပ်ခဲ့ပါတယ်။

ဒီဆွေးနွေးပွဲမှာ ပြည်တွင်း၊ ပြည်ပမှာ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ မြန်မာနိုင်ငံသား စီးပွားရေးပညာရှင်များ၊ သံအမတ်ကြီးအငြိမ်းစားများ၊ စီးပွားရေးတက္ကသိုလ်အသီးသီးတို့မှ စီးပွားရေးပညာရှင် ပါမောက္ခများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြပြီး "ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျရေးဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ" ခေါင်းစဉ်ဖြင့် သုံးရက်ဆက်တိုက် ဆွေးနွေးခဲ့ကြပါတယ်။

ဒီအလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာသူအသီးသီးဟာ မိမိတို့ရဲ့ စီးပွားရေးဆိုင်ရာ အတတ်ပညာ၊ အတွေ့အကြုံနဲ့ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✳

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီ၏ (၁/၂၀၁၁)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးလုပ်ငန်း(၈)ခု

- လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး။
- ကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်းနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေး။
- အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး။
- ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး။
- ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး။
- ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး။
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး။

၂၁ - ၆ - ၂၀၁၁
(အင်္ဂါနေ့)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကျေးလက်ပြည်သူများနှင့်ပူးပေါင်း၍ လုပ်ငန်းများဖော်ဆောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူ သန်း ၆၀ အနက် ပြည်သူ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေ ပြည်သူများဖြစ်သည်။ ကျေးလက်နေပြည်သူအများစုသည် ဆင်းရဲနွမ်းပါးကြသူများဖြစ်ကြသဖြင့် ယခင်ခေတ်ကာလက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်ပေးခဲ့ရာ အခြေခံကောင်းများ အထိုက်အလျောက် ရရှိခဲ့ပြီးဖြစ်သည်။

ယခုအခါ ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် မေ ၂၀ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယခင် လုပ်နည်းလုပ်ဟန်များထက် ပိုမိုထိရောက်စွာ ပြောင်းလဲတိုးတက်အောင် ညှိနှိုင်းဆွေးနွေးဖော်ထုတ် အဖြေရှာဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ချပြသွားခဲ့ပေသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသူ အသီးသီးက မိမိတို့၏စီးပွားရေးဆိုင်ရာ အတတ်ပညာများ၊ အတွေ့အကြုံများနှင့် အမြင်များကို ပကတိအခြေအနေများနှင့် ထင်ဟပ်ပြီး ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ် ဆွေးနွေးခဲ့ကြသည်ကို အားရဖွယ်တွေ့မြင်ခဲ့ရပြီး လုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအဆင့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ရာ လုပ်ငန်းများကို လက်တွေ့ကျကျ အကောင်အထည်ဖော်တော့မည်ဖြစ်သည်။

ယခုတစ်ဖန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီ၏ (၁/၂၀၁၁) အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ဗဟိုကော်မတီက မူဝါဒပိုင်းဆိုင်ရာများကို လမ်းညွှန်ချမှတ်ကြီးကြပ်ပေးသွားမည်ဖြစ်သကဲ့သို့ ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီက လုပ်ငန်းတစ်ခုချင်းအလိုက် ပြည်ထောင်စုဝန်ကြီးတစ်ဦးစီက တာဝန်ယူပြီး အောက်ခြေတွင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီများကို အထောက်အကူပေးသွားမည့် အစီအမံများကိုလည်း ကြားသိခဲ့ရပေသည်။

သို့ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီများက မြို့နယ်ပေါင်း ၃၃၀၊ မြို့နယ်ခွဲ ၈၂ ခုရှိရာ ဒေသများသို့ ကွင်းဆင်းပြီး မိမိအကျိုးအတွက်နှင့် အများအကျိုးအတွက် အမှန်တကယ်အလုပ်လုပ်လိုသော ကျေးလက်နေပြည်သူများနှင့် ပူးပေါင်း၍ ဗဟိုကော်မတီက ချမှတ်ပေးသော လုပ်ငန်းများကို အောင်မြင်အောင် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည်ဖြစ်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးပြီးဆင်းရဲနွမ်းပါးမှုလျှော့ကျလာမည်ဖြစ်ပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၆-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၂၀ ၉။ "ဇင်ဇင်နှင့် ခြင်ကျား"
- ၈:၃၀ ၁၀။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ "အတီးပြိုင်ပွဲ"
- ၄:၄၀ ၄။ ကြေးမုံရိုပ်သွင်တေးနှုယဉ်
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ "မပြောမပြီး မတီးမမြည်"
- ၅:၂၅ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၅:၃၅ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၅၀ ၁၃။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာနှလုံးသား" (အပိုင်း-၂)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ရယ်စရာဟာသများ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နားခိုရာ"(အပိုင်း-၈)**
- ၂၀။ အစီအစဉ်ပြီး၏။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနှင့် အီးယူတို့အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ခင်မင်ရင်းနှီးစွာ ဆွေးနွေး

နေပြည်တော် ဇွန် ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဥရောပသမဂ္ဂ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာအကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ရောဘတ်ကူးပါးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီးယူသံအမတ်ကြီး မစ္စတာ ဒေးဗစ်လစ်ပ်မန် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့် အီးယူတို့အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဥရောပသမဂ္ဂ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာအကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ရောဘတ်ကူးပါးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီးယူသံအမတ်ကြီး မစ္စတာ ဒေးဗစ်လစ်ပ်မန် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော လေ့လာရေးအဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇွန် ၂၀

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူမျိုးစုရေးရာကော်မတီ အမြဲတမ်းဒုတိယဥက္ကဋ္ဌ H.E. Mr. Be Truong Thanb ၏ ဖိတ်ကြားချက်အရ ဇွန် ၁၉ ရက်မှ ၂၅ ရက်အထိ လေ့လာရေးခရီးသွားရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် ဇွန် ၁၉ ရက်က ရန်ကုန်မြို့မှ ဟနွိုင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ ဒုတိယဝန်ကြီးနှင့်အတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ညွှန်ကြားရေးမှူး ဦးညဏ်လင်းမြင့်တို့ လိုက်ပါသွားကြသည်။

လေ့လာရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်ခဲ့သည်။

(သတင်းစဉ်)

တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်း (၁၆)ကြိမ်မြောက် မိတ်ဆုံဂုဏ်ပြုပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၀

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းက ကြီးမှူးကျင်းပမည့် (၁၆)ကြိမ်မြောက် ကျောင်းသားဟောင်းမျိုးဆက်သစ် မိတ်ဆုံပွဲ၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်တက်ခရီးစဉ်များတွင် ပါဝင်ခဲ့သူများနှင့် ကျေးလက်အကျိုးပြုလူမှုရေးလုပ်ငန်းများတွင် ပါဝင်ခဲ့သူများအား ဂုဏ်ပြုပွဲကို ဇွန် ၂၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း တော်ဝင်နှင်းဆီ သီရိခန်းမ၌ ကျင်းပမည်ဖြစ်ရာ တက္ကသိုလ်၊ ကောလိပ်အသီးသီး၊ ပညာသင်နှစ်အသီးသီးမှ တောင်တက်အဖွဲ့ဝင်များနှင့် မိသားစုဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဂုဏ်ပြုပွဲဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားသည်။ (သတင်းစဉ်)

နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၀-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၅၉၅၃	၀. ၀၃၂၆၈
တရုတ် (ယွမ်)	၆. ၄၇၃၉၉	၀. ၁၅၄၄၅
အိန္ဒိယ (ရူပီး)	၄၄. ၉၉၅၀	၀. ၀၂၂၂၂
မလေးရှား (ရင်းဂစ်)	၃. ၀၄၅၀၀	၀. ၃၂၈၄၁
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၆၆၆	၀. ၈၀၈၆၃
ဂျပန် (ယန်း)	၈၀. ၂၅၆၃	၀. ၀၁၂၄၆
တောင်ကိုရီးယား(ဝမ်)	၁၀၈၆. ၀၃	၀. ၀၀၀၉၂
ယူရို	၀. ၇၀၀၆၃	၁. ၄၂၆၈၈
ဗြိတိသျှ (ပေါင်)	၀. ၆၁၇၇၉	၁. ၆၁၈၆၈

အင်တာနက်။

GIS နှင့် Google Earth အသုံးချနည်းသင်တန်း ဖွင့်မည်

ရန်ကုန် ဇွန် ၂၀

Google Earth ဝက်ဘ်ဆိုက်မှ အခမဲ့ရယူအသုံးပြုနိုင်သော ကောင်းကင်ဓာတ်ပုံ၊ ဂြိုဟ်တုဓာတ်ပုံများကို စိုက်ပျိုးရေး၊ ဆည်မြောင်း၊ စည်ပင်သာယာရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ သဘာဝဘေးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာစီမံချက်များအတွက် ပထဝီသတင်းအချက်အလက် မြေပုံစနစ် (သို့မဟုတ်) ကွန်ပျူတာသုံး သတင်းအချက်အလက် မြေပုံစနစ်နှင့် ချိတ်ဆက်အသုံးပြုပုံ GIS နှင့် Google Earth လက်တွေ့အသုံးချနည်းသင်တန်းကို ၂၀၁၁ ခုနှစ် ဇူလိုင် ၂၊ ၃၊ ၉ နှင့် ၁၀ ရက်(စနေ၊ တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် e-Learning Center အဆောင် (၁) အခန်း(၄) ၌ ရက်သတ္တနှစ်ပတ် (သင်တန်းကာလ ၄ရက်) ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်ခြင်းဖြင့် ကိုယ်တိုင်ဝင်ရောက်ဆွဲသားနိုင်မည်ဖြစ်ပြီး အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်း(NGO) များမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ ဝါသနာရှင်အသင်းတို့မှ အသင်းဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများအတွက် သင်တန်းကြေးကို ၂၀ ရာခိုင်နှုန်းလျှော့၍ လက်ခံသွားမည်ဖြစ်ကြောင်းနှင့် စိတ်ပါဝင်စားသူများ အနေဖြင့် ဇွန် ၃၀ ရက် နောက်ဆုံးထား၍ Myanmar Credent Technology ဖုန်း-၆၅၂၂၈၅၊ ၆၅၂၂၈၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး တိုးချဲ့ရေးအတွက် စွမ်းအင်ဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး တိုးချဲ့နိုင်ရေးအတွက် ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) အဆောက်အအုံများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လိုက်လံကြည့်ရှု

ရှေးဦးစွာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စွမ်းအင်ဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)ရှိ ဝန်ကြီးရုံး၊ လုပ်ငန်းဌာနနှင့် ဦးစီးဌာနများ၏ ရုံးအဆောက်အအုံများကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ဌာနဆိုင်ရာအကြီးအကဲများက စွမ်းအင်ဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) အဆောက်အအုံများအခြေအနေနှင့် ခုတင်(၅၀၀)ဆံ့ ဆေးရုံအဖြစ် ဖွင့်လှစ်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက မူလက ရုံးအဖြစ် ဖွဲ့စည်းထားသည့် အဆောက်အအုံဖြစ်၍ ဆေးရုံအဖြစ် ပြင်ဆင်မွမ်းမံရာတွင် ဆေးရုံတစ်ခု၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိအောင် ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားသည်။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ ရန်ကုန် အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် တက်ရောက်ကုသလျက်ရှိသည့် လူနာနှင့် လက်ခံနိုင်သည့် ခုတင်အရေအတွက် မျှတမှုမရှိသည့်အတွက် စွမ်းအင်ဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) အဆောက်အအုံကို ခုတင်(၅၀၀)ဆံ့ ဆီးနှင့်ကျောက်ကပ်၊ အသည်းနှင့် ရင်ခေါင်းဆိုင်ရာ ခွဲစိတ်နှင့်ကုသရေး အထူးကုဌာနများ၊ ကင်ဆာ ဆေးကုသဌာနနှင့် အရိုး၊ အကြော၊ အဆစ်ပညာဌာနများ ပါဝင်သည့် ဆေးရုံအဖြစ် ပြုပြင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သွားရောက်ကြည့်ရှု

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အိန္ဒိယ-မြန်မာချစ်ကြည်ရေး စီမံကိန်းအရ ဒေါပုံမြို့နယ်၌ တည်ဆောက်ထားသည့် တန်(၅၀၀)ဆံ့ Food Security Shelter သုံးလုံး ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ဒုတိယသမ္မတက လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရန်ကုန်မြို့ ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ဟိုပုံးမြို့နယ် ဦးစီးဌာနမှူးရုံး၌ အသက်(၁၀)နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူလေးများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ညောင်ရွှေနှင့် ကလောမြို့နယ် ဦးစီးဌာနမှူးရုံးများ လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇွန် ၁၈ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ညောင်ရွှေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ မေးမြန်းဆွေးနွေးကာ မြို့နယ်ရုံး မှတ်တမ်းခန်းအတွင်း မှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိပြီး လေယာဉ်ဆိုက်ရောက်ချိန်တွင် မိမိဌာနဝန်ထမ်းများက နိုင်ငံသားနှင့် နိုင်ငံခြားသားခရီးသည်များ အဝင်/အထွက် စနစ်တကျစစ်ဆေးဆောင်ရွက်နေမှု၊ မှတ်တမ်းများ ရေးသွင်းထိန်းသိမ်းထားရှိမှုနှင့် ဝန်ထမ်းအင်အား အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၂ နာရီခွဲတွင် ဟိုပုံးမြို့နယ် ဦးစီးဌာနမှူးရုံး၌ ကျောင်းပိတ်ရက်အတွင်း အထူးအစီအစဉ်ဖြင့် အသက်(၁၀)နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူလေးများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ကလောမြို့နယ် ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး မြို့နယ်ရုံး မှတ်တမ်းခန်းအတွင်း မှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရမည်းသင်းခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး အဆောက်အအုံသစ်နှင့် မှတ်တမ်းများ ထိန်းသိမ်းထားရှိမည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၆-၂၀၁၁ (အင်္ဂါနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ဝိညာဏ်ခေါ် တာရပ်သင့်ပြီ" တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၄၁)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၉)**
၈း၅၀ Activities in The City
၉း၀၀ အထက(၄)သာကေတ၏ မြတ်ဆရာပူဇော်ပွဲအခမ်းအနား
၉း၁၅ သာသနာ့အကျိုးရွက်သယ်ပိုးကာ စံပြုထိုက်ရာ"သကျဓိတာ"
၉း၃၀ Cartoon Show Time
၁၀း၁၀ အလက(၉)အင်းစိန် ယခင်စိန့်ဂျော့ကျောင်း၏ အာစရိယပူဇော်ပွဲ
၁၀း၃၀ Celebrity Style
၁၀း၅၀ Activities in The City
၁၁း၀၅ သင်ကြားရေးလမ်းညွှန်
၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၅ နိဗ္ဗာန်သို့ရည်မျှော် သာသနာ့အမွေခံသည့်အလှူတော်
၁၂း၁၅ ရန်ကုန်မြင်ကွင်းကျယ်
၁၂း၃၀ ဂီတနက်သန်ကိုစောညိန်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ
၁း၀၀ "ဝိညာဏ်ခေါ် တာရပ်သင့်ပြီ" တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ အနုပညာနှင့်နည်းပညာပေါင်းစပ် ဖန်တီးထားတဲ့ကမ္ဘာလေး
၃း၀၀ မြန်မာ့တွင်းထွက်လက်မှုပညာ ကျောက်စိမ်းကမ္ဘာ
၃း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၄၁)**
၄း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၉၉)**
၅း၀၅ အသည်းကင်ဆာကုထုံးသစ် အကြောင်းဆွေးနွေးခြင်း
၅း၂၅ The Champion of Dance
၆း၀၀ MRTV-4 သတင်း
၆း၂၀ ရန်ကုန်မြင်ကွင်းကျယ်
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၄၂)**
၇း၂၅ Celebrity Choice
၈း၀၀ MRTV-4 သတင်း
၈း၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ
၉း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၀၀)**
၁၀း၂၅ အနုပညာမိုးကောင်းကင်
၁၀း၄၅ သီးနှံစိုက်ပျိုးအထွက်တိုး "စားသုံးဆီဖူလုံဖို့ နေကြာအထွက်တိုးအောင်စိုက်ကြစို့"
၁၀း၅၀ ကလေးများအတွက် ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ(ဒေါက်တာမိုလာ)
၁၁း၀၅ World of Knowledge
၁၁း၅၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ
၁၂း၀၀ Celebrity Profile
၁၂း၃၀ ချစ်တတ်ကြရအောင်
၁၂း၄၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
၁း၁၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ
၁း၂၅ Box Office Movies
၁း၄၅ ညောင်ဇင်ရွာတစ်ထောက်နား စားဖွယ်ကများ
၂း၀၀ ဒို့တိုင်းဌာနီဧရာဝတီ
၂း၃၀ မက်မက်မောမောမက်မန်း
၂း၄၀ သာယာလှပတောင်ပေါ် ညောင်ရွှေမှစမ်းသပ်အောင်မြင် ပုစွန်ကန်ရေပြင်
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ အမြင့်သဘင်၏ရုပ်သေးသမစဉ်
၄း၂၀ ပြင်ဦးလွင်မြို့မှ ပြင်ဦးလွင် စတားဆွယ်တာလုပ်ငန်း
၄း၃၅ ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှ တန်ခိုးကြီးစေတီများ
၄း၅၀ ထင်ရှားဖူးမြော်ပင်းတယရွှေဥမင် သဘာဝလိုဏ်ဂူတော်
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီ၏ (၁/၂၀၁၁) အစည်းအဝေးသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

✻ ရွှေ့ဖုံးမှ

အမြင်များကို ပကတိအခြေအနေနဲ့ ထင်ဟပ်ပြီး ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ် ဆွေးနွေးခဲ့ကြတဲ့အတွက် ကျယ်ပြန့်တဲ့ဆွေးနွေးပွဲတစ်ခု ဖြစ်ပါတယ်။

အဲဒီဆွေးနွေးချက်တွေကိုစုစည်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် မိမိတို့လုပ်သင့်တဲ့လုပ်ငန်းတွေ၊ မိမိတို့လုပ်ရမယ့်လုပ်ငန်းတွေနဲ့ လုပ်နိုင်တဲ့ လုပ်ငန်းတွေကို ရွေးထုတ်ခဲ့တဲ့အခါ လုပ်ငန်း (၈)ခု ရရှိခဲ့ပါတယ်။

အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းအရ မြန်မာနိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းဟာ ၃၂ ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း သိရှိရပါတယ်။ သို့သော်လည်း ကုလသမဂ္ဂထောင်စုနှစ်ပန်းတိုင်(MDG) ရည်မှန်းချက်(၁)အရ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ခုနှစ်အတွင်း ဆင်းရဲနွမ်းပါးမှုကို ထက်ဝက်လျှော့ချရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုနှုန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ၁၆ ရာခိုင်နှုန်းသို့ လျှော့ချရမှာဖြစ်ပါတယ်။

၈၂ ခုတို့သို့ အောက်ခြေအထိဆင်းပြီး မိမိအကျိုးအတွက်နှင့် အများအကျိုးအတွက် အမှန်တကယ်အလုပ်လုပ်လိုသော ကျေးလက်နေပြည်သူများနှင့် ပူးပေါင်း၍ အထက်ပါလုပ်ငန်းများကို အောင်မြင်အောင် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ဖြစ်ပါတယ်။

မြို့နယ်များနှင့် ကျေးရွာများတွင် စိတ်တူကိုယ်တူများစုစည်း၍ အစုအဖွဲ့ဖြင့် အကျိုးတူလုပ်ငန်းများ အကောင်အထည်ဖော် နောင်တွင် အစုအဖွဲ့အဆင့်မှ ကျေးရွာသမဝါယမအသင်းများအသွင်သို့ လူထုယုံကြည်မှုရချိန်တွင် ပြောင်းလဲဖွဲ့စည်း မြို့နယ်အစုအဖွဲ့သည် နောင်တွင် မြို့နယ်သမဝါယမအသင်းစုများနှင့် ကျေးရွာအစုအဖွဲ့သည် နောင်တွင် ကျေးရွာသမဝါယမအသင်းခွဲများဖြစ်မည်

အဲဒီလုပ်ငန်း(၈)ခုကတော့-

(က) လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး။
(ခ) ကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်းနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေး။
(ဂ) အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး။
(ဃ) ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး။
(င) ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး။
(စ) ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး။
(ဆ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ ဖြစ်ပါတယ်။

မကြာမီက ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့

ဒီလုပ်ငန်းတွေကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုအဆင့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီအသီးသီးကို ယခု ဖွဲ့စည်းပြီးဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီအနေနှင့် မူဝါဒပိုင်းဆိုင်ရာတွေကို လမ်းညွှန်ချမှတ် ကြီးကြပ်သွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီအနေနဲ့ လုပ်ငန်းတစ်ခုချင်းအလိုက် ပြည်ထောင်စုဝန်ကြီးတစ်ဦးစီက တာဝန်ယူပြီး အောက်ခြေမှာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားကြမယ့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီများကို အထောက်အကူပေးသွားရန် ဖြစ်ပါတယ်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီများအနေနဲ့ မြို့နယ်ပေါင်း ၃၃၀၊ မြို့နယ်ခွဲ

☆ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီအနေနှင့် မူဝါဒပိုင်းဆိုင်ရာတွေကို လမ်းညွှန်ချမှတ် ကြီးကြပ်သွားမှာဖြစ်။

☆ ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီအနေနဲ့ လုပ်ငန်းတစ်ခုချင်းအလိုက် ပြည်ထောင်စုဝန်ကြီးတစ်ဦးစီကတာဝန်ယူပြီး အောက်ခြေမှာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားကြမယ့် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီများကို အထောက်အကူပေး။

☆ တိုင်းဒေသကြီးနှင့် ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကော်မတီများအနေနဲ့ မြို့နယ်ပေါင်း ၃၃၀၊ မြို့နယ်ခွဲ ၈၂ ခုတို့သို့ အောက်ခြေအထိဆင်းပြီး မိမိအကျိုးအတွက်နှင့် အများအကျိုးအတွက် အမှန်တကယ်အလုပ်လုပ်လိုသော ကျေးလက်နေ ပြည်သူများနှင့် ပူးပေါင်း၍ အထက်ပါလုပ်ငန်းများကို အောင်မြင်အောင် ထိထိရောက်ရောက် အကောင်အထည်ဖော်။

ထိုသို့ဆောင်ရွက်ရာမှာ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရန်အတွက် ကျေးလက်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလည်း ပညာပေးခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းနည်းလမ်းများဖြင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ထိထိရောက်ရောက် ဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။

ဒီကနေ့ကျင်းပတဲ့ ဗဟိုကော်မတီအစည်းအဝေးမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစီမံချက် (Action Plan)၏ ဘောင်(Frame)မူကြမ်းကို ချပြပေးမှာဖြစ်ပါတယ်။ ဒီချပြမှုမှာ လုပ်ငန်းကော်မတီသည် အထောက်အကူပြုကော်မတီများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးကော်မတီများနှင့် ညှိနှိုင်း၍ ပြည်နယ်နှင့် တိုင်းဒေသကြီးကော်မတီများမှ နယ်မြေဒေသနှင့် ဆီလျော်သော လုပ်ငန်းအစီအမံများကို အသေးစိတ်ချမှတ် ရေးဆွဲအကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ စီမံချက်အကောင်အထည်ဖော်မယ့်ကာလကတော့ ၂၀၁၁ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၁၅ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ဖြစ်ပါတယ်။

ဒီလုပ်ငန်းကို အကောင်အထည်ဖော်တဲ့အခါ အစုအဖွဲ့ စုဖွဲ့မှုသည် အဓိကအကျဆုံးဖြစ်ပါတယ်။ မြို့နယ်များနှင့် ကျေးရွာများတွင် စိတ်တူကိုယ်တူများ စုစည်း၍ အစုအဖွဲ့ဖြင့် အကျိုးတူလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်၍ နောင်တွင် အစုအဖွဲ့အဆင့်မှ ကျေးရွာသမဝါယမအသင်းများအသွင်သို့ လူထုယုံကြည်မှုရချိန်တွင် ပြောင်းလဲဖွဲ့စည်းခြင်းကို စီမံဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

မြို့နယ်မှာစုဖွဲ့မည့် မြို့နယ်အစုအဖွဲ့သည် နောင်တစ်ချိန်တွင် မြို့နယ်သမဝါယမအသင်းစုများနှင့် ကျေးရွာမှာစုဖွဲ့မည့် ကျေးရွာအစုအဖွဲ့သည် နောင်တစ်ချိန်တွင် ကျေးရွာသမဝါယမအသင်းခွဲများ ဖြစ်လာမှာဖြစ်ပါတယ်။ ဒီကိစ္စရပ်တွေကို နောင် နှစ်နှစ်ခန့်ကြာသည့်အခါမှာ ကူးပြောင်းသွားနိုင်ဖို့ သမဝါယမဝန်ကြီးဌာနက ချမှတ်ထားတဲ့ စုဖွဲ့မှုပုံစံနဲ့ စိတ်တူကိုယ်တူ ပူးပေါင်းလုပ်လိုသူများက အများသဘောတူ အစုဝင်ငွေများ ထည့်သွင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စုဖွဲ့ရာတွင် အထက်မှအောက်သို့အမိန့်ပေးစနစ် (Top Down Policy)ဖြင့် ဖွဲ့စည်းခြင်းမျိုးရှောင်ကြဉ်၍ လက်အောက်ပါ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေသော (Bottom Up Initiative) ပုံစံဖြင့် ဖွဲ့စည်းရမှာဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီသည် အထောက်အကူပြုကော်မတီများနှင့်ညှိနှိုင်း၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် မြို့နယ်များမှ ကိုယ်စားလှယ်များတက်ရောက်စေလျက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဖို့ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❑

❑ စာမျက်နှာ ၄ မှ

လိုအပ်မှာဖြစ်ပါတယ်။ မြို့နယ်များတွင်လည်း အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီး စိတ်ပါဝင်စားသည့် စိတ်တူကိုယ်တူ ပူးပေါင်းလုပ်ကိုင်လိုသူများနှင့် အစုအဖွဲ့များ ဖွဲ့စည်းဖို့ လိုအပ်ပါတယ်။

အခုလို ကျေးရွာနဲ့ မြို့နယ်များမှ အစုအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကော်မတီသည် လုပ်ငန်းကဏ္ဍ (၈)ခုအလိုက် သက်ဆိုင်ရာဌာနများနှင့် လုပ်ငန်းအကောင်အထည်ဖော်ရေး ဆပ်ကော်မတီကိုဖွဲ့စည်းပြီး မြို့နယ်တစ်မြို့နယ်ချင်း ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အစုအဖွဲ့များ ဖွဲ့စည်းရာတွင် အသင်းသားတစ်ဦးချင်း အစုဝင်ငွေ ထည့်ဝင်ရမှာဖြစ်သလို ထိုအစုဝင်ငွေမှ ပြန်လည်ငွေချေးမည်ဆိုပါက အစုဝင်ငွေ၏ သုံးဆခန့် ပြန်လည်ချေးပေးနိုင်အောင် စေတနာရှင် ပုဂ္ဂလိကငွေစုငွေချေးအသင်းများအား ဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

တောင်သူလယ်သမားများအတွက် အဓိကဝင်ငွေ (Primary Income) နှင့် ဒုတိယဝင်ငွေ (Secondary Income) ရရှိရန်အတွက် တောင်သူလယ်သမား တစ်ဦးချင်းအနေဖြင့် နည်းပညာနှင့် အရင်းအနှီးမတတ်နိုင်သည့်အတွက် ဆင်းရဲမှုနှင့် အကြွေးတင်မှုမှ မလွတ်မြောက်နိုင်သည့်အခြေအနေမှ ကျော်လွှားနိုင်ရန် လုပ်ငန်းကော်မတီနှင့် ကော်မတီအဆင့်ဆင့်သည် တစ်ဦးတစ်ယောက်ချင်း လက်လီစိတ်၍ နည်းပညာနှင့် အရင်းအနှီးပေးရန် ခက်ခဲပါတယ်။ ဒါကြောင့် ယခုကဲ့သို့ မြို့နယ်အစုအဖွဲ့(မြို့နယ်အသင်းစု) နှင့် ကျေးရွာအစုအဖွဲ့များ(ကျေးရွာအသင်းခွဲများ) ဖွဲ့စည်းဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

စုဖွဲ့တဲ့အခါမှာလည်း နယ်မြေဒေသနှင့် ဆီလျော်သည့် တောင်သူလယ်သမားများ လက်ရှိတစ်ပိုင်တစ်နိုင် မွေးမြူနေသော ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ ငါးတို့အနက် ၎င်းတို့ဆန္ဒအရ စုဖွဲ့ဆောင်ရွက်မှုကို လိုအပ်သလို ဆောင်ရွက်ရမှာဖြစ်ပါတယ်။

တောင်သူလယ်သမားများအနေနဲ့ အဓိကဝင်ငွေ(Primary Income)အတွက် စိုက်ပျိုးသောရာသီသီးနှံများဟာ အနည်းဆုံး လေးငါးလကြာမှ ဝင်ငွေရနိုင်သည့်အတွက် ကြားကာလမှာ နေ့စဉ်ဝင်ငွေရစေဖို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တစ်ချိန်တည်းမှာ ပူးပေါင်းပြုလုပ်သည့် ပေါင်းစည်းလယ်ယာလုပ်ငန်းကို အကောင်အထည်ဖော်ပေးဖို့လို။ ပေါင်းစည်းလယ်ယာစနစ် ပြုလုပ်ခြင်းအားဖြင့် အိမ်ထောင်စုတစ်ခုအတွက် အလုပ်အကိုင်လည်းရ၊ ဝင်ငွေလည်းရ၊ သဘာဝမြေသြဇာရသည့်အပြင် ဇီဝဓာတ်ငွေ့လောင်စာကိုပါ အသုံးပြုနိုင်မှာဖြစ်။

အခုလို နိုင်ငံတော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကို ဆောင်ရွက်တဲ့အခါမှာ ပုဂ္ဂလိကကုမ္ပဏီများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အစုအဖွဲ့ပိုင် အစုငွေများဖြင့် ချေးငွေမလုံလောက်ပါက အထူးပြုကုမ္ပဏီများက အတိုးနှုန်းသက်သာစွာနဲ့ စာချုပ်ချုပ်ဆိုပြီး ကူညီပံ့ပိုးဖို့လိုအပ်ပါတယ်။

တစ်ပိုင်တစ်နိုင်အဆင့်ထက်ပိုမိုပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ပေါင်းစည်းလယ်ယာအဖြစ် လုပ်ကိုင်နိုင်သည့် တောင်သူလယ်သမားကြီးများ ရွေးချယ်၍ ပေါင်းစည်းလယ်ယာ (Integrated Farming)လုပ်နိုင်ရေး တိုးချဲ့ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အချို့မြို့နယ်၊ ကျေးရွာတို့တွင် တစ်ရွာလုံး ငါးမွေးခြင်း၊ တစ်ရွာလုံးဆိတ်မွေးခြင်း၊ တစ်ရွာလုံး ကြက်မွေးခြင်းမျိုးရှိပါက ရွေးချယ်စုစည်း၍ ကျေးရွာမွေးမြူရေးနှင့် သားငါးထုတ်လုပ်ရေးအစုအဖွဲ့ (ကျေးရွာအသင်းခွဲ)ကို သီးခြားဖွဲ့စည်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ တောင်သူလယ်သမားများအနေနဲ့ အဓိကဝင်ငွေ(Primary Income)အတွက် စိုက်ပျိုးသော ရာသီသီးနှံများဟာ အနည်းဆုံး လေးငါးလကြာမှ ဝင်ငွေရနိုင်သည့်အတွက် ကြားကာလမှာ နေ့စဉ်ဝင်ငွေရစေဖို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တစ်ချိန်တည်းမှာ ပူးပေါင်းပြုလုပ်သည့် ပေါင်းစည်းလယ်ယာလုပ်ငန်းကို အကောင်အထည်ဖော်ပေးဖို့ လိုအပ်ပါတယ်။ ထိုသို့ ပေါင်းစည်းလယ်ယာစနစ် ပြုလုပ်ခြင်းအားဖြင့် အိမ်ထောင်စုတစ်ခုအတွက် အလုပ်အကိုင်လည်းရ၊ ဝင်ငွေလည်းရ၊ သဘာဝမြေသြဇာရသည့်အပြင် ဇီဝဓာတ်ငွေ့လောင်စာကိုပါ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

အစုအဖွဲ့များဖွဲ့စည်းတဲ့အခါလည်း တာဝန်ပေးသည့်အတွက် ဖွဲ့စည်းရသည့် ပုံစံမျိုးထက် ကျေးလက်ပြည်သူအတွင်းမှ ၎င်းတို့ကိုယ်တိုင် ယုံယုံကြည်ကြည် လက်ခံကြိုးစားဆောင်ရွက်မည့်သူများဖြင့်သာ ဖွဲ့စည်းဆောင်ရွက်ဖို့ တိုင်းဒေသကြီး/ပြည်နယ်လုပ်ငန်းကော်မတီများက စည်းရုံးဆောင်ရွက်ဖို့လိုပါတယ်။ အဲဒီလိုဆောင်ရွက်ခြင်းအားဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုရရှိလာပြီး ဆင်းရဲနွမ်းပါးမှု လျော့ကျလာမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့ကျရေးအတွက် ယခုကဲ့သို့ အာရုံစိုက်လုပ်ကိုင်ခြင်းအားဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှု လျော့ကျလာမှာ ဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်အလိုက် လုပ်ငန်းကော်မတီများ၊ အထောက်အကူပြု လုပ်ငန်းကော်မတီများအနေဖြင့် ပူးပေါင်းညှိနှိုင်းပြီး အသေးစိတ်ဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို စီစဉ်ချမှတ်ဆောင်ရွက်ရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

ဂျပန်ကေရာဇ်မင်းမြတ်ထံ

သံအမတ်ကြီး ဦးခင်မောင်တင် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၂၀

ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးခင်မောင်တင်သည် ၎င်း၏ခန့်အပ်လွှာကို ဇွန် ၁၀ ရက်တွင် တိုကျိုမြို့၌ ဂျပန်နိုင်ငံ ဧကရာဇ်ဘုရင်မင်းမြတ် အကီဟီတိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတကာနှင့် ဈေးကွက်ယှဉ်ပြိုင်နေရသည့်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချပြီး အရည်အသွေးထိန်းသိမ်းရေး ဆောင်ရွက်

နေပြည်တော် ဇွန် ၂၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ဆန်စပါး၊ ပဲမျိုးစုံနှင့် ပြောင်းစိုက်ပျိုးထုတ်လုပ်သော တောင်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကော်မတီများ ဖွဲ့စည်းကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်အခါ၌ ကုန်သွယ်မှု ဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် ဈေးကွက်ယှဉ်ပြိုင်ဆောင်ရွက်နေရသည့်အတွက် ယှဉ်ပြိုင်ဆောင်ရွက်နိုင်မည့် အခြေခံအချက်များဖြစ်သည့် ထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချရေးနှင့် အရည်အသွေးထိန်းသိမ်းရေး စသည်တို့ကို ရင်ဆိုင်ဆောင်ရွက်နိုင်မည့် ဆန်စပါးနှင့် ပဲမျိုးစုံအထူးပြုကုမ္ပဏီများ ဖွဲ့စည်းရေးနှင့် လက်ကားကုန်စည်ဒိုင်များ ပေါ်ပေါက်လာရေး ဆောင်ရွက်ကြစေလိုကြောင်း၊ ဆန်စပါးနှင့် ပဲမျိုးစုံ အထူးပြုကုမ္ပဏီများဖွဲ့စည်းဆောင်ရွက်နိုင်က ဒေသခံတောင်သူလယ်သမားများအနေဖြင့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးရေးသွင်းအားစုဖြစ်သည့် ဓာတ်မြေသြဇာနှင့်စိုက်ပျိုးစရိတ်ပံ့ပိုးငွေများရရှိကာ ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်မှုကို ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ ပြည်ပဈေးကွက်ကို တိုက်ရိုက်တင်ပို့နိုင်မည့် Regular Supplier Byer စနစ်ကို ရရှိစေမည့် အခွင့်အလမ်းကောင်းများကို ရရှိစေမည်ဖြစ်ကြောင်း၊ ကုန်စည်ဒိုင်များ ဖြစ်ပေါ်လာပါက ပြည်တွင်းဈေးနှုန်း၊ ပြည်ပဈေးနှုန်း၊ အရည်အသွေးစံချိန်စံညွှန်း၊ နိုင်ငံတကာ ဈေးကွက်အခြေအနေနှင့် နိုင်ငံတကာအဆင့်မီ စီးပွားရေးဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်း။

ထို့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ပြည်ပပို့ကုန်/သွင်းကုန် လုပ်ထုံးလုပ်နည်းများကို သိရှိအသုံးချနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒေသခံတောင်သူလယ်သမား၊ လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ စစ်မှန်သော စေတနာကို သိရှိနားလည်ပြီး ရရှိမည့် အခွင့်အလမ်းများကို ရယူအသုံးချနိုင်စေရေးအတွက် ဆောင်ရွက်သွားစေလိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေဦးမြို့၊ ကန့်ဘလူမြို့နယ် ဇီးကုန်းကျေးရွာ၊ ထန်းကုန်းကျေးရွာနှင့် ကန့်ဘလူမြို့တို့ကို ရောက်ရှိပြီး ကုန်သည်လုပ်ငန်းရှင်များ၊ တောင်သူများနှင့် တွေ့ဆုံခဲ့သည်။

(သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တန့်ဆည်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ဆန်စပါး၊ ပဲမျိုးစုံနှင့် ပြောင်းစိုက်ပျိုးထုတ်လုပ်သော တောင်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့တွင်းရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှတ်(၅)ရပ်ကွက် လမ်းမတော်ဘေးတစ်လျှောက်ရှိ ရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို ဇွန် ၁၅ ရက်တွင် ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်နိုင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇွန် ၂၀

ယနေ့ညနေ ၄ နာရီ ၄၈ မိနစ် ၄၀ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၂၈၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(ယူနန်ပြည်နယ်အတွင်း)နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၃ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

စင်းလုံးငှား(တက္ကစီ)ယာဉ်များလိုက်နာရန်

(၁) လုပ်ငန်းလိုင်စင်ရယူခြင်းမရှိဘဲ ခရီးသည်တင်ဆောင်မောင်းနှင်ခြင်းမပြုရ။
(၂) ခရီးသည်တစ်ဦးတစ်ယောက်ကငှားရမ်းလျှင် လုံလောက်သောအကြောင်းတစ်စုံတစ်ရာမရှိဘဲ အငှားလိုက်ရန် ငြင်းဆန်ခြင်းမပြုရ။
(၃) ခရီးသည်သွားလိုရာသို့ အနီးဆုံးလမ်းခရီးဖြင့် ပို့ဆောင်ပေးရမည်။ ခရီးသည်က လမ်းခရီးကို ညွှန်ကြားလာလျှင် ညွှန်ကြားသည့်အတိုင်း ပို့ဆောင်ပေးရမည်။
(၄) ခရီးသည်မေ့ကျန်ခဲ့သော ပစ္စည်းကို ပိုင်ရှင်ထံအမြန်ဆုံးပို့ပေးရမည်။
(၅) ပြည်သူတို့နှင့်ဆက်ဆံရာတွင် ပြေပြစ်ရမည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

စစ်ကိုင်းအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၀

စစ်ကိုင်းအသင်း (ရန်ကုန်) မိသားစုသည် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇွန် ၂၆ ရက် (တနင်္ဂနွေနေ့)တွင် ကမ်းနားလမ်းရှိ Western Park Ruby ၌ နံနက် ၈ နာရီမှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့သို့ ရောက်ရှိနေကြသော စစ်ကိုင်းသူ၊ စစ်ကိုင်းသားများနှင့် နယ်သူ၊ နယ်သားများအားလုံး အခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ပညာရည်ချွန်ဆုပေးပွဲအတွက် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများသည် ဦးဗိုလ်နောင် ဖုန်း-၀၁-၆၆၆၅၅၁၊ ဒေါ်မြင့်မြင့်သောင်း ဖုန်း-၀၉-၅၀၂၁၁၁၀နှင့် ဒေါ်လွင်လွင် ဖုန်း-၀၉-၅၀၂၄၄၆၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး

ဥရောပသမဂ္ဂ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာအကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ရောဘတ်ကူးပါး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ဥရောပသမဂ္ဂ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာအကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ရောဘတ်ကူးပါး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ဥရောပသမဂ္ဂဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာအကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာ ရောဘတ်ကူးပါးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ပရှိ တရားဝင်၊ တရားမဝင် အလုပ်သမားများကို ကာကွယ်စောင့်ရှောက်သွားမည်

မြန်မာသံရုံးများက အလုပ်သမားရေးရာကိစ္စများ သတင်းရလျှင်ရချင်း ကူညီဆောင်ရွက်ပေးနေ

နေပြည်တော် ဇွန် ၂၀

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး မစ္စတာ ချလန်ချိုင်း ဆရီအွန်၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၄ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့ကြသည်။

စီမံပေးထား

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အိမ်ရှင် ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့ဝင်များနှင့်အတူ ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် စမုံစခွန်ပြည်နယ်ရှိ မြန်မာ တရားမဝင်အလုပ်သမားများအား မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို One-Stop Service မှတ်ပုံတင် Center ၌ သွားရောက်လေ့လာကြသည်။ ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမားများ မှတ်ပုံတင်ခြင်းကို သုံးနှစ်ကြာရပ်ဆိုင်းထားခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ပြင်ဦးလွင်မြို့၌ ပြုလုပ်ခဲ့သော အစည်းအဝေး၌ မြန်မာနိုင်ငံဘက်မှ ဆွေးနွေးမှုအရ ထိုင်းနိုင်ငံဘက်က မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ အဆိုပါမှတ်ပုံတင် Center တွင် မြန်မာအလုပ်သမားများအတွက် အလုပ်ရှင်ကိုယ်တိုင် အလုပ်သမားဦးရေစာရင်းဖြင့် လာရောက်၍ ဖောင်ဖြည့်ခြင်း၊ ထိုင်းပြည်ထဲရေးဌာန ကောင်တာ၌ မှတ်ပုံတင်ခြင်း၊ ဆေးစစ်ရန် ဆရာဝန်နှင့် Appointment ယူခြင်း၊ Work-permit ရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ကို တစ်နေရာတည်း၌ One-Stop Service ဖြင့် စီမံဆောင်ရွက်ပေးထားသည်။ ထိုင်းနိုင်ငံတစ်ဝန်းတွင် အလားတူ မှတ်ပုံတင်စခန်း ၈၅ ခု ဖွင့်လှစ်ထားကြောင်းသိရှိရသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ထိုင်းအလုပ်သမားဝန်ကြီးဌာန ဝန်ကြီးတို့သည် သတင်းထောက်များနှင့် တွေ့ဆုံခဲ့ပြီး ၎င်းတို့၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ကာကွယ်စောင့်ရှောက်မည်

ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားရာတွင် ပြည်ပရှိ တရားဝင်၊ တရားမဝင် အလုပ်သမားများကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများတွင် ရှိသော မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများအနေဖြင့် မြန်မာနိုင်ငံသားများအရေး၊ မြန်မာအလုပ်သမားအရေးကို အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ကူညီစောင့်ရှောက် ကာကွယ်ပေးရန် အသင့်ရှိနေကြောင်း၊ မြန်မာသံရုံးများအနေဖြင့် အလုပ်သမားရေးရာ ကိစ္စများနှင့် စပ်လျဉ်း၍ သတင်းရရှိလျှင်ရရှိချင်း သံရုံးမှ ကောင်စစ်အရာရှိများ သွားရောက်ကာ အရေးယူ ကူညီဆောင်ရွက်ပေးနေကြောင်း၊ ဥပမာအားဖြင့် မကြာသေးမီက ဖြစ်ပွားခဲ့သော ထိုင်းနိုင်ငံ မဟာချိုင် ယာဉ်တိုက်မှု ကိစ္စ၊ ကြက်သား စက်ရုံ ပဋိပက္ခကိစ္စအပြင် မြန်မာသံရုံးလည်းမရှိ သံတမန်အဆက်အသွယ်ပင် မရှိသည့် ဂျော်ဒန်နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် မြန်မာအလုပ်သမားများအရေးကိစ္စတွင်လည်း ယင်းနိုင်ငံနှင့်အနီးကပ်ဆုံးရှိသည့် အစ္စရေးနိုင်ငံ မြန်မာသံရုံးမှ သံအမတ်ကြီးနှင့် အရာရှိများကိုယ်တိုင် သွားရောက်ကူညီဖြေရှင်း အားပေးဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့ဖြစ်၍ နိုင်ငံကိုယ်စားပြုမြန်မာသံရုံးများ၏ အရေးပါသော အခန်းကဏ္ဍကို သဘောပေါက် နားလည်ကြမည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံရောက် မြန်မာတရားမဝင်အလုပ်သမားများ မှတ်ပုံတင်ခြင်း ပြန်လည် ခွင့်ပြုမှုဆိုင်ရာ မြန်မာ-ထိုင်း နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီတွင် ပရပ်ချာကီရိခန်မြို့ရှိ Sofitel Centara Grand ဟိုတယ်ရှိ Colonial Hall၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့နှင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ချလန်ချိုင်း ဆရီအွန် ဦးဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပရပ်ချာကီရိခန် ပြည်နယ်အတွင်းရှိ Natural Fruit Co.,Ltd. ၏ နာနတ်သီး စည်သွတ်ဘူးနှင့် နာနတ်သီးစက်ရုံကို သွားရောက်လေ့လာကြသည်။

Natfruit နာနတ်သီးစက်ရုံ ဥက္ကဋ္ဌက ဒုတိယဝန်ကြီးအား စက်ရုံရှိ မြန်မာ အလုပ်သမား ၄၀၀ ခန့်နှင့် တွေ့ဆုံစကားပြောနိုင်ရန် ကြိုတင်စီစဉ်ထားပေးရာ ဒုတိယဝန်ကြီးက မြန်မာအလုပ်သမားများအား တွေ့ဆုံပြီး အားပေးစကားပြောကြားရာတွင် ပြည်တွင်း၌ ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ မိမိတို့ မြန်မာနိုင်ငံသားများ၏ အရေးကို နိုင်ငံတော်အစိုးရအနေဖြင့် ကာကွယ်စောင့်ရှောက်ပေးသွားမည်ဖြစ်ပြီး မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများက စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အခက်အခဲ တစ်စုံတစ်ရာရှိပါက ဗန်ကောက်မြို့ရှိ မြန်မာသံအမတ်ကြီးထံ အချိန်မရွေး ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း၊ မြန်မာအလုပ်သမားများသည် ထိုင်းအလုပ်သမားများနည်းတူ အခွင့်အရေးများရရှိခံစားနေရသည်ကို တွေ့မြင်ရ၍ ဝမ်းမြောက်မိကြောင်း၊ မြန်မာတရားမဝင်အလုပ်သမားများအား မှတ်ပုံတင်ခွင့်ပြန်လည်ခွင့်ပြုလိုက်ရာ ထိုင်းနိုင်ငံအတွင်း စခန်း ၁၃ ခု၌ တစ်ရက်အတွင်း၌ပင် ဦးရေသုံးသောင်းကျော် မှတ်ပုံတင်နိုင်ခဲ့သည်ကို ဝမ်းမြောက်ဖွယ်ကြားသိရကြောင်း၊ မိမိတို့နိုင်ငံ၌လည်း ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာတော့မည်ဖြစ်ရာ မိသားစုနှင့်အတူ ထိုက်တန်သောလုပ်ခလစာများဖြင့် လုပ်ကိုင်နေထိုင်နိုင်တော့မည့်ကာလမှာ မဝေးတော့ကြောင်း၊ အလုပ်သမားများအတွက် ယာယီ မြန်မာနိုင်ငံကူးလက်မှတ် ငါးသိန်းခန့် ထုတ်ပေးနိုင်ခဲ့ပြီး ကျန်ရှိနေသူ အလုပ်သမားများ အတွက်လည်း ယာယီမနလ ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုင်း-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် မကြာမီကာလအတွင်း တရားမဝင် အလုပ်သမားပြဿနာများမှာ လုံးဝ ဖြေရှင်းအောင်မြင်နိုင်တော့မည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သည် ဗန်ကောက်မြို့ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးအောင်သိမ်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသာအောင်ညွှန့်တို့ လိုက်ပါလျက် ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်ကာ ထိုင်းပူးတွဲနယ်နိမိတ် ကော်မတီဥက္ကဋ္ဌ သံအမတ်ကြီး H.E.Mr. Vasin Teeravechyan နှင့် တွေ့ဆုံပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြ သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသာအောင်ညွှန့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်း တပ်ဖွဲ့ခွဲမှူး(အောက်မြန်မာပြည်) ရဲမှူးကြီး မျိုးမင်းထိုက်၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ရင်၊ အလုပ်သမား ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်နွေဦးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

အားပေးစကား ပြောကြား

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ထိုင်းနိုင်ငံ ပရပ်ချာကီရိခန် ပြည်နယ်အတွင်းရှိ Natural Fruit Co.,Ltd.**၏ နာနတ်သီး စည်သွတ်ဘူးနှင့် နာနတ်သီးစက်ရုံ၌ မြန်မာအလုပ်သမားများအား တွေ့ဆုံ အားပေးစကားပြောကြားစဉ်။**

(သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသွားများအတွက် မြန်မာပြည်မြေပုံများ အခမဲ့ထပ်မံဖြန့်ချိ

ရန်ကုန် ဇွန် ၂၀

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပိုမို အဆင်ပြေ တိုးတက်စေရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့်ထုတ်ဝေ သော The Map of Bagan (MOB 12-2)ကို အခမဲ့ထပ်မံဖြန့်ချိ လိုက်ပြီဖြစ်သည်။

မြန်မာနိုင်ငံသို့ ရောက်ရှိလာသူများ အသုံးအများဆုံး The Map of Bagan (MOB 12-2) ကို နိုင်ငံတကာသို့ ပိုမို အားဖြည့်ပေးပို့သွားမည်ဖြစ်ပြီး ပြည်တွင်း မှလုပ်ငန်းရှင်များ အနေဖြင့်လည်း လာရောက်ပူးပေါင်း ဆောင်ရွက်နိုင်ကြောင်းသိရသည်။ အဆိုပါ လမ်းညွှန် မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်း နှင့် သက်ဆိုင်သော လုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီအမှတ် တံဆိပ်ပါ ကိုယ်စားလှယ် လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း (ဆူးလေ)တွင် လည်းကောင်း၊ D.P.S မြေပုံထုတ်ဝေရေး အမှတ်(၁၆၅-၁၆၇) ပထမထပ် (၃၅)လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-(၉၅-၁)၂၀၄၀၂၀၊ ၀၉-၅၀၃၀၁၇၇၊ ဖက်စ်ဖုန်း-(၉၅-၁) ၂၄၅၂၃၀ တွင် လည်းကောင်း ရုံးချိန်အတွင်း အခမဲ့ လာရောက်ထုတ်ယူနိုင်ကြောင်း သိရှိရ သည်။ (သတင်းစဉ်)

နည်းဗျူဟာသုံးနျူကလီးယားလက်နက်များ တောင်ကိုရီးယား၌ ပြန်လည်ဖြန့်ကြက်မည်မဟုတ်ဟုဆို

ဆိုးလ် ဇွန် ၂၀

တောင်ကိုရီးယားနိုင်ငံ၌ အမေရိကန်၏ နည်းဗျူဟာသုံး နျူကလီးယားလက်နက်များကို ပြန်လည်ဖြန့်ကြက်မည်မဟုတ်ကြောင်း ယင်းနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့၏ တပ်မှူးကြီး ဗိုလ်ချုပ်ကြီး ဝေါလ်တာရှပ်က ဇွန် ၂၀ ရက်တွင် ပြောကြားလိုက်သည်။

ကိုရီးယားသမ္မတနိုင်ငံသို့ နည်းဗျူဟာသုံး နျူကလီးယား လက်နက်များ ပြန်လည်ပေးပို့ရန် လိုအပ်မည်ဟု မိမိမယူဆကြောင်း ဌာနေပြန်တော့မည့် ဗိုလ်ချုပ်ကြီးရှပ်က မြို့တော်ဆိုးလ်၌ ကျင်းပသောဆွေးနွေးပွဲတွင် ပြောကြားသည်။

တောင်ကိုရီးယား၌ အမေရိကန်တပ်ဖွဲ့ဝင် ၂၈၅၀၀ နှင့် ဂျပန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် ၄၇၀၀၀ တို့ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်တွင် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၃၀၀၀၀၀ ခန့်ကို ဖြန့်ကြက်ထားသည်။

ပင်လယ်ရပ်ခြားနိုင်ငံများ၌ အမေရိကန်၏ နည်းဗျူဟာသုံး နျူကလီးယားလက်နက်အရေအတွက် မည်မျှရှိသည်ကို အမေရိကန်အစိုးရက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် ကိုရီးယားကျွန်းဆွယ်၌ နျူကလီးယား လက်နက်ဖျက်သိမ်းရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြပြီးနောက် ၁၉၉၁ခုနှစ်တွင် တောင်ကိုရီးယားရှိ နျူကလီးယား လက်နက်အားလုံးကို အမေရိကန်က ပြန်လည်ရုပ်သိမ်းခဲ့သည်။

အင်တာနက်။

ပါရီလေကြောင်းပြပွဲ၌ ပြသမည့် အဲဘတ်စ်လေယာဉ် မတော်တဆမှုကြောင့် အတောင်ပံ ပျက်စီးခဲ့ရ

ပါရီ ဇွန် ၂၀

ပြင်သစ်နိုင်ငံ မြို့တော်ပါရီဆင်ခြေဖုံးရှိ လီဗူးဂတ် လေဆိပ်၌ နိုင်ငံတကာလေကြောင်းပြပွဲ ကျင်းပရန်ရှိနေချိန်တွင် အဲဘတ်စ် စူပါဂျမ်ဘို အေ-၃၈၀ အမျိုးအစားလေယာဉ်တစ်စင်းသည် လေယာဉ်ပြေးလမ်းပေါ်တွင် တရွေ့ရွေ့မောင်းနှင်နေစဉ် လေဆိပ်အဆောက်အအုံတစ်လုံးနှင့် ယင်းလေယာဉ်၏တောင်ပံ တိုက်မိခဲ့ကြောင်း ပြင်သစ်သတင်းဌာနများက ဇွန် ၂၀ ရက်တွင် ရေးသားဖော်ပြသည်။

မြို့တော်ပါရီမှ ၆ ဒသမ ၉ မိုင်ကွာဝေးသော လီဗူးဂတ် လေဆိပ်၌ ဇွန် ၁၉ ရက်က ယင်းမတော်တဆမှုဖြစ်ပွားခဲ့ပြီးနောက် အဆိုပါလေယာဉ်ဖြင့် သရုပ်ပြသမည့်အစီအစဉ်ကို ဖျက်သိမ်းလိုက်ရကြောင်း အဲဘတ်စ် လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်းကို လုပ်ကိုင်နေသည့် ဥရောပလေကြောင်းအာကာသ အုပ်စု၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဖွင့်လှစ်ပေး

(၄၉)ကြိမ်မြောက် ပါရီလေကြောင်းပြပွဲကို လီဗူးဂတ် လေဆိပ်၌ ဇွန် ၂၀ ရက်က စတင်ကျင်းပသည်။ ရက်သတ္တတစ်ပတ်ကြာ ကျင်းပမည့် လေကြောင်းပြပွဲကို ပြင်သစ်သမ္မတ နီကိုလပ်စ်ဆာကိုဇီက ဖွင့်လှစ်ပေးခဲ့သည်။

အပြိုင်အဆိုင်ကြိုးပမ်း

ကမ္ဘာတစ်ဝန်းရှိ ကုမ္ပဏီ ၂၀၀၀ ကျော် ပါဝင်ပြသသော ပါရီလေကြောင်းပြပွဲ၌ ဥရောပ အဲဘတ်စ်လေယာဉ်ကုမ္ပဏီနှင့် အမေရိကန် ဘိုးအင်းကုမ္ပဏီတို့ ကုန်ဝယ်အမှာစာများ အပြိုင်အဆိုင်ရရှိရေးအတွက် ကြိုးပမ်းရန် အားခဲထားချိန်တွင် စူပါဂျမ်ဘိုလေယာဉ် မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မတော်တဆမှုဖြစ်ပွားခဲ့သော လေယာဉ်၏ ညာဘက် တောင်ပံထိပ်ဖျားမှာ စုပ်ပြဲသွားခဲ့ရသည်။ အဲဘတ်စ် အေ-၃၈၀ လေယာဉ်သည် ကမ္ဘာ့အကြီးဆုံး ဂျက်လေယာဉ် အမျိုးအစားဖြစ်ပြီး လေယာဉ်တောင်ပံအရှည်မှာ မီတာ ၈၀ နီးပါးရှိသည်။

အင်တာနက်။

လေဆိပ်ရှိအဆောက်အအုံတစ်လုံးနှင့် တိုက်မိရာမှ တောင်ပံအဖျား ပျက်စီးခဲ့ရသော အဲဘတ်စ် အေ-၃၈၀ အမျိုးအစား လေယာဉ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထောက်ပံ့ရေး ယာဉ်တန်းနှင့် လိုက်ပါလာ သူများကို ပါလက်စတိုင်း ပြည်သူတို့က ဆီးကြိုနှုတ်ဆက် နေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီဂျစ်က ဂါဇာသို့ ထောက်ပံ့ရေးယာဉ်တန်းဝင်ခွင့်ပြု

ဂါဇာ ဇွန် ၂၀

အီဂျစ်အစိုးရက ဟားမားစ်တို့ ထိန်းချုပ်ထားသည့် ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ လူသားချင်းစာနာထောက်ထားသည့် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်များကို တနင်္ဂနွေနေ့ညနေတွင် ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း ပါလက်စတိုင်း တာဝန်ရှိသူများကပြောသည်။

၆၂ ဦးလိုက်ပါ

အဆိုပါ မော်တော်ယာဉ်တန်းတွင် ပါလက်စတိုင်းအရေးဆောင်ရွက်သူ ၆၂ ဦးလိုက်ပါလာပြီး အများစုမှာ ဥရောပတိုက်သားများဖြစ်ကြ၍ တောင်အာဖရိက၊ တူနီးရှားနှင့် လက်ဘနွန်နိုင်ငံသားများလည်း ပါဝင်သည်။

၎င်းတို့သည် လူနာတင်ယာဉ်များ၊ ဆေးဝါးများနှင့် ဆေးရုံသုံးကိရိယာများ သယ်ဆောင်လာခဲ့ကြသည်။ အစ္စရေးအစိုးရက စားသုံးကုန်စည်များကို ပို့ခွင့်ပြုထားသော်လည်း ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် ကုန်ကြမ်းအချို့ကိုမူ တားမြစ်ထားသည်။

ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသည့် (Miles of Smiles) အမည်ရှိ သင်္ဘောသည် အီဂျစ်နိုင်ငံ အယ်လ်-အရစ်ဆိပ်ကမ်းသို့ စနေနေ့က ဆိုက်ကပ်ခဲ့သည်။ ယင်းဆိပ်ကမ်းသည် ဆိုင်းနိုင်းနှင့် ဂါဇာအကြား နယ်စပ်ဖြတ်မြို့ ရာဖေးမှ ၄၅ ကီလိုမီတာခန့် ဝေးသည်။

၂၀၀၇ ခုနှစ်၌ ဟားမားစ်အုပ်စုက ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်လိုက်သည့်အတွက် ယင်းဒေသကို အစ္စရေးတို့က ပိတ်ဆို့ခဲ့သည်။ ထိုသို့ပိတ်ဆို့ထားခြင်းကို လျှော့ပေါ့လိုက်ပြီးသည့်နောက် တစ်နှစ်အကြာတွင် ဤမော်တော်ယာဉ်တန်း ဂါဇာသို့ ဆိုက်ရောက်လာခြင်းဖြစ်သည်။

ဂါဇာသို့ပေးပို့မည့် အကူအညီပေးရေး ပစ္စည်းများ သယ်ဆောင်ထားသည့် သင်္ဘောအုပ်စုကို အစ္စရေးတို့က စီးနင်းစဉ် တူရကီနိုင်ငံသားများအပါအဝင် လူကိုးဦးသေဆုံးခဲ့သည့်အတွက် နိုင်ငံတကာက ဝိုင်းဝန်းဝေဖန်ကြရာ အစ္စရေးအစိုးရက ပိတ်ဆို့မှုကို လျှော့ပေါ့ပေးခဲ့ခြင်းဖြစ်သည်။ ***ဆင်ဟွာ။***

ရှားပါးဂေါ်ရီလာ မျောက်ဝံပေါက်များ အမည်ပေးပွဲ ရဝမ်ဒါဝန်ကြီးချုပ်ကိုယ်တိုင် ပါဝင်ဆင်နွှဲ

ကီဂါလီ(ရဝမ်ဒါ) ဇွန် ၂၀

ရဝမ်ဒါနိုင်ငံ၌ ရှားပါးဂေါ်ရီလာမျောက်ဝံပေါက် ၂၂ ကောင်တို့အား အမည်ပေးသည့် ရိုးရာအခမ်းအနားတစ်ရပ်ကို ဇွန် ၁၈ ရက်က ကျင်းပခဲ့ရာ ရဝမ်ဒါဝန်ကြီးချုပ် ဘားနက်ဒ် မာကူဇာ ကိုယ်တိုင် ဦးဆောင်ခဲ့ကြောင်း သိရသည်။

တောင်ပေါ် ဂေါ်ရီလာမျောက်ဝံများကို မျိုးသုဉ်းမည့် အန္တရာယ်နှင့် ကြုံတွေ့နေရသော သတ္တဝါမျိုးစိတ်များအဖြစ် လွန်ခဲ့သော ခြောက်နှစ်ကာလကပင် သတ်မှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဂေါ်ရီလာ မျောက်ဝံများနေထိုင်ကျက်စားရာ ရဝမ်ဒါနိုင်ငံ မီးတောင်များ သဘာဝဥယျာဉ်အနီးကျင်းပသော အမည်ပေးအခမ်းအနားသို့ ရဝမ်ဒါကလေးများက ဂေါ်ရီလာ မျောက်ဝံများ အသွင် ပုံဖျက်ဝတ်ဆင်ကာ ယင်းသတ္တဝါများကိုယ်စား ပါဝင်တက်ရောက်ပေးခဲ့ကြသည်။

'စကားလုံး'

ရဝမ်ဒါဝန်ကြီးချုပ် မာကူဇာကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလအတွင်း မွေးဖွားခဲ့သော ဂေါ်ရီလာ မျောက်ဝံ အမြွှာနှစ်ကောင်အနက် တစ်ကောင်ကို ရဝမ်ဒါဘာသာစကားအရ အီဂျန်ဘို(စကားလုံး)ဟူ၍ အမည်ပေးခဲ့ရာ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့က တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။

ကမ္ဘာပေါ်တွင် ကျန်ရစ်ဆဲ ဂေါ်ရီလာ မျောက်ဝံကောင်ရေ၏ ထက်ဝက်မျှရှိသော ဂေါ်ရီလာ ၇၀၀ မျှသည် ရဝမ်ဒါ၊ ယူဂန္ဓာနှင့် ကွန်ဂိုနိုင်ငံ သုံးနိုင်ငံနယ်စပ်ရှိ မီးတောင်များ သဘာဝ

ဥယျာဉ်၌ နေထိုင်ကျက်စားကြသည်။ အမေရိကန်နိုင်ငံသား ပရိုင်းမိတ်ပညာရှင်တစ်ဦးဖြစ်သူ ဒီယန်ဖောဆေး၏ ကျေးဇူးကြောင့် မျိုးသုဉ်းမည့်ဘေးနှင့် ကြုံတွေ့နေရသော ဂေါ်ရီလာ မျောက်ဝံများကို ကမ္ဘာကြီးက ပြန်လည်အာရုံစိုက် ထိန်းသိမ်းနိုင်ခဲ့သည်။

လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ကောင်ရေများစွာ ကျဆင်းခဲ့ရသော ဂေါ်ရီလာမျောက်ဝံများအတွက် အမြွှာမွေးဖွားသည့်ဖြစ်စဉ်သည် ကြုံတောင့်ကြုံခဲဖြစ်ရပ်ဟု ဆိုနိုင်သည်။

အင်တာနက်။

အသက် (၁၀၈) နှစ်ရှိ အသက်အကြီးဆုံးအကျဉ်းသားကို အိန္ဒိယနိုင်ငံက လွတ်မြောက်ခွင့်ပေး

လက်ခနောင်း ဇွန် ၂၀

အိန္ဒိယနိုင်ငံ၏ အသက်အကြီးဆုံး အကျဉ်းသားအဖြစ် သတ်မှတ်နိုင်သော အသက် (၁၀၈) နှစ်အရွယ်ရှိ ဘရစ်ဂျ်ဘီဟာ ရီပန်ဒေးအမည်ရှိ အဘိုးအိုတစ်ဦးကို အာဏာပိုင်များက ဥတ္တာပရာဒေ့ရှ်ပြည်နယ် အကျဉ်းထောင်တစ်ခုမှ ပြန်လည်လွှတ်ပေးလိုက်ကြောင်း ဇွန် ၁၉ ရက် သတင်းများတွင်ဖော်ပြသည်။(အောက်ဝဲပုံ)

အဘိုးအိုပန်ဒေးသည် ၎င်း၏အသက် (၈၄)နှစ်အရွယ်၌ လူသတ်မှုကျူးလွန်ခဲ့ခြင်းကြောင့် တရားစွဲဆိုအပြစ်ပေးခံခဲ့ရပြီး ဥတ္တာပရာဒေ့ရှ်ပြည်နယ် ဂိုရက်ခ်ပါးအကျဉ်းထောင်၌ ထောင်နန်းစံခဲ့ရကြောင်း အကျဉ်းထောင်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လူသားချင်းစာနာ

အိန္ဒိယနိုင်ငံ အကျဉ်းထောင်များသမိုင်း၌ အသက်အကြီးဆုံး အကျဉ်းသားအဖြစ် မှတ်တမ်းဝင်ခဲ့ရသော အဘိုးအို ပန်ဒေးကို ပုံမှန် ဆေးဝါးစောင့်ရှောက်မှုများပြုလုပ်ပေးနိုင်ရန် တာဝန်ရှိသူများအနေဖြင့် အခက်ကြုံနေရခြင်းကြောင့် အကျဉ်းထောင်မှ လွတ်မြောက်ခွင့်ပေးရေးကို ပြည်နယ်တရားရုံးတစ်ရုံးက ဆုံးဖြတ်ခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုကို အခြေခံ၍ အဘိုးအို ပန်ဒေးအား လွတ်မြောက်ခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း ဂိုရက်ခ်ပါး အကျဉ်းထောင် တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဘိုးအိုပန်ဒေးသည် အသက် (၈၄)နှစ်အရွယ် အိုကြီးအိုမဘဝ၌ ဟိန္ဒူဘာသာရေးအသင်းအဖွဲ့တစ်ရပ်ကို လက်လွှဲဆက်ခံလိုမှုနှင့်ပတ်သက်၍ ၎င်း၏မိသားစုဝင်များ အပါအဝင် လူ ၁၅ ဦးနှင့်ပူးပေါင်းကာ လူသတ်မှုလေးခုကိုကျူးလွန် ခဲ့သူဖြစ်သည်။

အဘိုးအိုပန်ဒေးကို ဇွန် ၁၇ ရက်တွင် အကျဉ်းထောင်မှ လွှတ်ပေးခဲ့ပြီး လွတ်မြောက်ချိန်၌ ရယ်မောပြုံးရွှင်လျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ ***အင်တာနက်။***

သက်ဆိုင်ရာကော်မတီများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများသည် ကျေးလက်ဒေသကို

တောင်သူလယ်သမားများ၊ အလုပ်သမားများသည် တိုင်းပြည်၏ အခြေခံလူတန်းစားများဖြ

အခြေခံလူတန်းစားများ၏ လူမှုဘဝမြင့်တက်လာအောင် ဆောင်ရွက်နိုင်လျှင် တိုင်းပြည်၏ဂုဏ်သိက္ခ

သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အောက်ခြေအထိ ကွင်းဆင်းလေ့လာပြီး လိုအပ်သည့်နည်းပညာနှင့် အရင်းအနှီးမ

☆ ကျောဖုံးမှ

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေဘက်စုံလေ့လာမှုစစ်တမ်း (Integrated Household Living Condition Assessment-IHLCA Survey) တွေ့ရှိချက်များအရ ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်များအတွင်း မြန်မာနိုင်ငံ၏ လူမှုစီးပွားရေး အခြေအနေများတွင် နယ်ပယ်(၈)ရပ်၌ တိုးတက်ကောင်းမွန်လာမှု၊ မြန်မာနိုင်ငံအနေဖြင့် ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်ဖြစ်သော ၂၀၁၅ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုထက်ဝက်လျှော့ချရေး ရည်မှန်းချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်မှန်းဆောင်ရွက်နေမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဗဟိုကော်မတီသည် လုပ်ငန်းကော်မတီ၊ အထောက်အကူပြုဆပ်ကော်မတီများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီ လုပ်ငန်းကော်မတီများ ဖွဲ့စည်းလျက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည့် အခြေအနေ၊ လုပ်ငန်းစီမံချက်နှင့် စီမံချက်ကာလတို့ကို ရှင်းလင်းတင်ပြသည်။

လယ်ယာကဏ္ဍ

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ပတ်သက်၍ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အထူးအထွက်တိုး မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို ဒေသအခြေအနေနှင့် ကိုက်ညီစွာ လေ့ကျင့်ပညာပေးနိုင်ရေး၊ သုတေသနစိုက်ကွင်းများ ထူထောင်ပေးနိုင်ရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး၊ ငွေကြေးအရင်းအနှီးများ ကူညီထောက်ပံ့ပေးနိုင်ရေး၊ ပညာပေး ပေါင်းစည်းလယ်ယာစနစ် ထူထောင်နိုင်ရေး၊ မျိုးကောင်းမျိုးသန့်ပွား စိုက်ကွင်းကြီးများနှင့် မျိုးစေ့ထုတ်လုပ်ငန်းကြီးများ ပေါ်ထွန်းလာစေရေး၊ စီးပွားရေး တွက်ခြေကိုက်မည့်လုပ်ငန်းများနှင့် လယ်ယာကဏ္ဍအခြေခံ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ပေါ်ထွန်းလာရေးတို့ကို ရှင်းလင်းတင်ပြသည်။

သားငါးထုတ်လုပ်မှု

ထို့နောက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် နည်းလမ်းများ၊ ဘေးထွက်ပစ္စည်းများမှတစ်ဆင့် ဇီဝဓာတ်ငွေ့ထုတ်လုပ်မှုနှင့် ဌာနမှပံ့ပိုးဆောင်ရွက်ပေးနိုင်မှု အခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖြစ်နိုင်ခြေရှိသော အသားကဏ္ဍ၊ ငါးကဏ္ဍဆိုင်ရာ အစုအဖွဲ့များအခြေအနေ၊ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေများကို ရှင်းလင်းတင်ပြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများကဏ္ဍနှင့် ပတ်သက်၍ လယ်ယာသီးနှံသာမက အခြားလက်မှုပစ္စည်းများ၊ အနုပညာပစ္စည်းများ၊ လူသုံးအိမ်သုံးပစ္စည်းများ ဈေးကွက်ဝင် ထုတ်လုပ်နိုင်အောင် အားပေးမြှင့်တင်ခြင်း၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများဆိုင်ရာ အတတ်ပညာ၊ ဗဟုသုတများ တိုးတက်စေရေးအတွက် ဆောင်ရွက်ခြင်း၊ မြို့နယ်အသီးသီးရှိ စိုက်ပျိုးရေး၊ မွေးမြူရေးအခြေခံ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖြစ်ပေါ်တိုးတက်အောင် အားပေးမြှင့်တင်ခြင်းတို့ကို ဆောင်ရွက်နေမှု၊ သီးနှံအထူးပြု ကုမ္ပဏီများ၊ သီးနှံကုန်စည်ဒိုင်များနှင့် သီးနှံအမျိုးအစားအလိုက် ဇုန်များဖွဲ့စည်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့် လုပ်ငန်းစဉ်အသစ်များ ထပ်မံရေးဆွဲစီမံဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး ဖြည့်စွက်ဆွေးနွေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့်ပတ်သက်၍ လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် ဆောင်ရွက်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြပြီး သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၏ မူဝါဒများနှင့်အညီ ချမှတ်ကျင့်သုံးလျက်ရှိသည့် မြန်မာ့သမဝါယမ အခြေခံမူဝါဒ (၁၀)ချက်၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းဆောင်ရွက်မှုများ၊ သမဝါယမလုပ်ငန်းကဏ္ဍ(၄)မျိုး၊ သမဝါယမအသင်းအဆင့်ဆင့်ဖွဲ့စည်းမှု၊ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည့် သမဝါယမဒီဂရီကောလိပ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများအခြေအနေ၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်ပါ ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့်အညီ သမဝါယမအသင်းများအား ကြီးကြပ်ဆောင်ရွက်သွားမည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ကျေးလက်လူမှုစီးပွား

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့်ပတ်သက်၍ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ အပါအဝင် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဆပ်ကော်မတီ၊ ခရိုင်နှင့် မြို့နယ်ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မည့် အခြေအနေ၊ ဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များ၊ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေ၊ ကျေးလက်ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ဓာတ်အားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေးဟူသည့် ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနယ်ပယ် (၅)ရပ်၌ နိုင်ငံတော်အစိုးရ၏အား၊ ဘဏ်များ၊ ငွေစုငွေချေး သမဝါယမများ၏ အား၊ ဖောင်ဒေးရှင်းများ၏ အား၊ လုပ်ငန်းရှင်များ၏ အား၊ ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏အား၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏အား၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏အား၊ စေတနာရှင်များ၏အား၊ လူမှုရေးအသင်းအဖွဲ့များ၏အား၊ ဒေသခံပြည်သူများ၏အားဟူသည့် အား(၁၀)အားတို့ဖြင့် လက်တွေ့ကျပြီး ထိရောက်သော ဆက်စပ်လုပ်ငန်းစဉ်များအား တစိုက်မတ်မတ် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်တို့ကို ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဖြည့်စွက်ဆွေးနွေးစဉ်။ (သတင်းစဉ်)

ကျေးလက်စွမ်းအင်

ဆက်လက်၍ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့်ပတ်သက်၍ နေရောင်ခြည်စွမ်းအင်သုံးစနစ်၊ ရေအားစွမ်းအင်သုံးစနစ်၊ လေစွမ်းအင်သုံးစနစ်၊ စွန့်ပစ်ပစ္စည်းများဖြစ်သည့် နွားချေး၊ စပါးခွံနှင့် သစ်တိုသစ်စသုံးစနစ်နှင့် အင်ဂျင်ပါဝါသုံးစနစ်များဖြင့် ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် နည်းလမ်းများကို ရှင်းလင်းတင်ပြပြီး သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဦးစားပေးဆောင်ရွက်မည့် သစ်တောပြုစု ထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းခြင်း၊မြေဆီလွှာထိန်းသိမ်းခြင်း၊ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသော သောက်သုံးရေ ဖူလုံရေး၊ လေထုညစ်ညမ်းမှု တားဆီးကာကွယ်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦး ရှင်းလင်းတင်ပြစဉ်။

ကျေးလက်ဒေသကို ဗဟိုပြု၍ ဆောင်ရွက်ရမည်

လူတန်းစားများဖြစ်သည့်အတွက်

ပြည်၏ဂုဏ်သိက္ခာလည်း မြင့်တက်လာမည်

ညာနှင့် အရင်းအနှီးများရရှိရေး ပေါင်းစပ်ပံ့ပိုးကူညီ

ိုင်းမောက်ခမ်း ဖြည့်စွက်ဆွေးနွေးစဉ်။ (သတင်းစဉ်)

ရေး၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းရေး၊ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ရေးလုပ်ငန်းများအခြေအနေ၊ ကျေးလက်ပြည်သူများ ပူးပေါင်းပါဝင်လာစေရေး စည်းရုံးဆောင်ရွက်မှုနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က နေပြည်တော်ကောင်စီနယ်မြေအတွင်း ယခင်ရှိပြီးလယ်မြေများအား တစ်ဧက စံကိုက်အကွက်များဖော်ထုတ်မှု၊ အထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်မှုနှင့် မျိုးသန့်မျိုးပွားမျိုးစေ့ ဖြန့်ဖြူးမှုအခြေအနေ၊ ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်ဇုန် တည်ဆောက်နေမှုအခြေအနေ၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစုငွေချေးအသင်းများ ဖွဲ့စည်းထားမှုနှင့် ငွေထုတ်ချေးမှုအခြေအနေ၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေ၊ ဆေးရုံဆေးခန်းများ ဖွင့်လှစ်ထားရှိမှု၊ အဆင့်မြင့် လယ်ယာဖော်ထုတ်ဆောင်ရွက်နေမှု၊ ကျေးရွာချင်းဆက်လမ်းများဖောက်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကော်မတီများဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းကဏ္ဍ(၈)ခု အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက ဝန်ကြီးဌာနမှ ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

စည်းရုံးဆောင်ရွက်

ထို့နောက် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးက ဝန်ထမ်းများအနေဖြင့် ဒေသခံပြည်သူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များနှင့် ရည်ရွယ်ချက်များကို နားလည်လက်ခံပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာရေးအတွက် စည်းရုံးဆောင်ရွက်ကြရန်နှင့် အားလုံး ပေါင်းစပ်ဆောင်ရွက်မှသာ လုပ်ငန်းအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသအလိုက် မှန်ကန်သည့် စာရင်းဇယားအချက်အလက်များ ရရှိမှသာ ယင်းစာရင်းဇယားအပေါ် မူတည်၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခြင်းဖြင့် လုပ်ငန်းများ ထိရောက်အောင်မြင်မှု ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ သက်ဆိုင်ရာလုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် လုပ်ငန်းရှင်များအပိုင်းကလည်း နိုင်ငံတော်အစိုးရနှင့် ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် လုပ်ငန်း အောင်မြင်နိုင်ရန်အတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်(၈)ရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက အောက်ခြေအထိဆင်းပြီး ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်မှသာ ရည်မှန်းချက်များ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများအတွက် လိုအပ်သည့်အခြေခံအဆောက်အအုံများ ပိုမိုမြင့်တင်တည်ဆောက်ပေးခြင်းဖြင့်လည်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုမြင့်မားလာနိုင်မည် ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် သက်ဆိုင်ရာကော်မတီများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းများသည် ကျေးလက်ဒေသကို ဗဟိုပြု၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၊ အလုပ်သမားများသည် တိုင်းပြည်၏ အခြေခံလူတန်းစားများဖြစ်သည့်အတွက် အခြေခံလူတန်းစားများ၏ လူမှုဘဝမြင့်တက်လာအောင် ဆောင်ရွက်နိုင်မည်ဆိုလျှင် တိုင်းပြည်၏ဂုဏ်သိက္ခာလည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အောက်ခြေအထိ လက်တွေ့ကွင်းဆင်းလေ့လာပြီး လိုအပ်သည့် နည်းပညာနှင့် အရင်းအနှီးများ ရရှိရေး ပေါင်းစပ်ပံ့ပိုးကူညီဆောင်ရွက်ပေးကြရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် နည်းလမ်းများကို ရှင်းလင်းတင်ပြပြီး သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဦးစားပေးဆောင်ရွက်မည့် သစ်တောပြုစု ထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းခြင်း၊မြေဆီလွှာထိန်းသိမ်းခြင်း၊ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသော သောက်သုံးရေ ဖူလုံရေး၊ လေထုညစ်ညမ်းမှု တားဆီးကာကွယ်

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၁-၆-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၄ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာ့ရှုခင်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၄ ၁။ နိုင်ငံတော်သီချင်း
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၄။ မျိုးချစ်တပ်မတော်
၄:၂၀ ၅။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၄:၂၅ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၄၅ ၇။ အင်္ဂလိပ်စာသုတ
၄:၅၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅:၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် အပိုင်း (၁၂)**
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၁၅ ၁၃။ ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး (၅၀၀)
၆:၂၅ ၁၄။ အောင်မြင်ခြင်းလမ်းမ
၇:၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၃၄)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ မွေးမြူသုတ
၂၂။ ဟာသရုပ်စုံ
၂၃။ သီချင်းလက်ဆောင်
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၂၅)**
၂၆။ Mini Series

တောင်ပိုင်းဒေသများ မိုးပိုမည်

နေပြည်တော် ဇွန် ၂၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ရေးမြို့တွင် ၄ ဒသမ ၇၆ လက်မ၊ ပေါင်မြို့တွင် ၄ ဒသမ ၅၈ လက်မ၊ သထုံမြို့တွင် ၄ ဒသမ ၁၄ လက်မ၊ လောင်းလုံမြို့တွင် ၃ ဒသမ ၅၈ လက်မ၊ ရွှေကျင်မြို့နှင့် ဘီးလင်းမြို့တို့တွင် ၂ ဒသမ ၄၈ လက်မစီ၊ ဝမြို့နှင့် ထားဝယ်မြို့တို့တွင် ၂ ဒသမ ၂၄ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

(၅၈)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံအတွက် ဆေးကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် ဇွန် ၂၀

(၅၈)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့် ဆေးပစ္စည်းကိုယ်စားလှယ်များအား ဇွန် ၂၅ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းရုံး (အပေါ်ဆုံးထပ်)၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားကြောင်း သိရသည်။

(ကြေးမုံ)

လမ်းဘေး ဝဲ/ယာ ပန်းအလှပင်များ စိုက်ပျိုး

ချောင်းဦး ဇွန် ၂၀

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မုံရွာ-မန္တလေးလမ်းမကြီး လမ်းဘေး ဝဲ/ယာ တစ်လျှောက်တွင် ပန်းအလှပင်များဖြစ်သော နွယ်သာကီ၊ စိန်တံချူ စိန်ပန်းပု၊ စက္ကူပန်းပင် ၁၅၀ တို့အား အဖွဲ့ဝန်ထမ်းများက မြေချစိုက်ပျိုးခြင်းကို အမှုဆောင်အရာရှိ ဦးကျော်စိုး ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

လပွတ္တာမြို့နယ်တွင် ရေနုတ်မြောင်းတူးဖော်

လပွတ္တာ ဇွန် ၂၀

လပွတ္တာမြို့နယ်အတွင်း ကျန်းမာရေးနှင့် ညီညွတ်စေရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးကျော်သူမင်း ဦးဆောင်သော အဖွဲ့ဝန်ထမ်းများသည် လပွတ္တာမြို့ အမှတ်(၅)ရပ်ကွက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ဘုရားလမ်းမကြီးတစ်လျှောက် ရေမြောင်းများ တူးဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်ထောင်စုရှေ့နေချုပ်ရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၀

ပြည်ထောင်စုရှေ့နေချုပ်ရုံး ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ရတနာတန်းဝင် ကျွန်းပင်များကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများက ပျဉ်းကတိုး၊ ပိတောက်၊ ကံ့ကော်၊ ယူကလစ်၊ စိန်တလုံးသရက်စသည့် အရိပ်ရပင်နှင့် သီးပင်စားပင်များကို လည်းကောင်း စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုရှေ့နေချုပ်သည် လျှိုပိတ်ဆည်အတွင်းသို့ ရွှေဝါငါးကြင်းနှင့် ငါးမြစ်ချင်း သားပေါက်များကို ငါးမျိုးစိုက်ထည့်ပေးပြီး ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများကလည်း ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြသည်။

ယနေ့ကျင်းပသည့် ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင်၊ နှစ်ရှည် သီးပင်စားပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၉၂၅ ပင်ကို စိုက်ပျိုးခဲ့ကြပြီး ငါးသားပေါက်ကောင်ရေ ၆၀၀၀ ခန့်ကို မျိုးစိုက်ထည့်ပေးခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ပြည်တွင်း ပြည်ပ အားကစားသတင်းများ

၂၀၁၁ခုနှစ် မွန်ပြည်နယ်ဝန်ကြီးချုပ်ဒိုင်း ဘတ်စကက်ဘောပြိုင်ပွဲဗိုလ်လုပွဲ ဆုချီးမြှင့်

နေပြည်တော် ဇွန် ၂၀

၂၀၁၁ခုနှစ် မွန်ပြည်နယ်ဝန်ကြီးချုပ်ဒိုင်း ၁၀ မြို့နယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၁၈ ရက် နံနက် ၈ နာရီတွင် မော်လမြိုင်မြို့ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့်အဖွဲ့သည် ကျိုက်ထိုမြို့နယ် အမျိုးသမီးအသင်းနှင့် ချောင်းဆုံမြို့နယ် အမျိုးသမီးအသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်မှုနှင့် မော်လမြိုင်မြို့နယ် အမျိုးသားအသင်းနှင့် ကျိုက်ထိုမြို့နယ် အမျိုးသားအသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲတွင် ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က အမျိုးသမီးပြိုင်ပွဲ ဒုတိယဆုရ ချောင်းဆုံမြို့နယ်အသင်းနှင့် အမျိုးသားပြိုင်ပွဲဒုတိယဆုရ ကျိုက်ထိုမြို့နယ်အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ ပထမဆုရ မော်လမြိုင်မြို့နယ် အမျိုးသားအသင်းနှင့် ကျိုက်ထိုမြို့နယ် အမျိုးသမီးအသင်းတို့အား ဆုများကိုလည်းကောင်း၊ အမျိုးသားနှင့် အမျိုးသမီး

ပြိုင်ပွဲ အကောင်းဆုံးကစားသမားဆုရရှိသူများအား ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က တံခွန်စိုက်ဒိုင်းဆုရရှိသော မော်လမြိုင်မြို့နယ် အမျိုးသားအသင်းနှင့် ကျိုက်ထိုမြို့နယ် အမျိုးသမီးအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။**(အပေါ်ပုံ)** (သတင်းစဉ်)

ပြည်တွင်း ပြည်ပ အားကစားသတင်းများ

ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ အေသင်သို့ထွက်ခွာ

ရန်ကုန် ဇွန် ၂၀

ဂရိနိုင်ငံ အေသင်မြို့၌ ဇွန်၂၅ရက်မှ ဇူလိုင် ၄ ရက်အထိကျင်းပမည့် (Special Olympics World Summer Games ATHENS 2011) ကမ္ဘာ့ဉာဏ်ရည်မမီသူများ နွေရာသီအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်မှ မြန်မာ့ဉာဏ်ရည်မမီအားကစားအဖွဲ့သည် ဇွန် ၁၉ ရက် ည ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာ့ဉာဏ်ရည်မမီ အားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်နှင့် အုပ်ချုပ်သူနှစ်ဦး၊ နည်းပြသုံးဦး၊ အကူနှစ်ဦးနှင့် ပြိုင်ပွဲအားကစားသမား အမျိုးသားခြောက်ဦး၊ အမျိုးသမီးငါးဦး စုစုပေါင်း ၁၈ ဦး လိုက်ပါသွားကြသည်။

အဆိုပါ ကမ္ဘာ့ဉာဏ်ရည်မမီ အားကစားပြိုင်ပွဲကို ကမ္ဘာ့နိုင်ငံပေါင်း ၁၈၀ ကျော်မှ အားကစားသမားပေါင်း ၇၀၀၀ ကျော် ပါဝင်မည်ဖြစ်ပြီး လေးနှစ်တစ်ကြိမ်ကျင်းပသော ပြိုင်ပွဲကြီးဖြစ်သည်။ ယခင်(၁၂)ကြိမ်မြောက်ပြိုင်ပွဲကို ၂၀၀၇ခုနှစ်တွင် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ကျင်းပခဲ့ပြီး ယခု (၁၃)ကြိမ်မြောက်ပြိုင်ပွဲကို ၂၀၁၁ ခုနှစ်တွင် ဂရိနိုင်ငံ အေသင်မြို့၌ ကျင်းပခြင်းဖြစ်ကြောင်းနှင့် မြန်မာ့ဉာဏ်ရည်မမီ အားကစားအဖွဲ့သည် ဒုတိယအကြိမ် သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၂၀

ဦးခင်မောင်ဆယ်(ဆောက်လုပ်ရေး-ငြိမ်း)သည် ကစားဖော်များဖြစ်ကြသော ဦးနေစိုးနိုင်(ဆောက်လုပ်ရေး)၊ ဦးမျိုးချစ်(ဆောက်လုပ်ရေး)၊ ဦးသန်းထွန်း(ဆောက်လုပ်ရေး)တို့နှင့်အတူ ဇွန် ၁၇ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် SRIXON NO.(1) ဘောလုံးကို BRIDGESTONE IRON (9) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၃၆ ကိုက် အကွာအဝေးတွင် ရှိသော ကျင်းအမှတ်(၁၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။(ကြေးမုံ)

အိုလံပစ်နေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၀

၂၀၁၁ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဇွန် ၁၈ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်က အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ သက်ကိုကိုလတ်(ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)၊ ဒုတိယ အောင်ထွဋ်(ကာကွယ်ရေးဝန်ကြီးဌာန)နှင့် တတိယ ကိုကိုမင်းအေးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ ဆွေဆွေဟန်(အားကစားဝန်ကြီးဌာန)၊ ဒုတိယ ညိုညိုမြင့် (ကာကွယ်ရေးဝန်ကြီးဌာန)နှင့် တတိယ စန္ဒာမိုး(ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန)၊ အမျိုးသားအသက်(၁၈)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ မိုးမြင့်ဟန်(ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)၊ ဒုတိယ အောင်သူရ (နည်းပညာတက္ကသိုလ်-လားရှိုး)နှင့် ဟိန်းဇေယျာဦး (ရန်ကုန်အကယ်ဒမီ)၊ အမျိုးသမီး အသက်(၁၈)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ခင်လပြည့် (အထက ၄-ဗိုလ်တထောင်)၊ ဒုတိယ သူသူ(ယဉ်ကျေးမှုတက္ကသိုလ်)နှင့် တတိယ မှူးသိမ့်သိမ့် (PICE)တို့ ရရှိသွားသည်။ (သတင်းစဉ်)

ကွန်ကာကပ်ဖ်ဘောလုံးပြိုင်ပွဲ အိမ်ရှင်အမေရိကန်အကြိုဗိုလ်လုပွဲတက်

နယူးယောက် ဇွန် ၂၀

ကွန်ကာကပ်ဖ်ရွှေဖလား ကွာတားဖိုင်နယ်ပွဲစဉ်များကို တနင်္လာနေ့ နံနက်ပိုင်းက ဆက်လက်ကျင်းပရာ အိမ်ရှင်အမေရိကန်နှင့် ပနားမားတို့နိုင်ပွဲရပြီး အကြိုဗိုလ်လုပွဲသို့ တက်နိုင်ခဲ့ကြသည်။

ဂျမေကာနှင့် အမေရိကန်တို့ပွဲတွင် အမေရိကန်က နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရသွားသည်။ အမေရိကန်အတွက် ဂိုးများကို ပွဲချိန် ၄၉ မိနစ်တွင် ဂျာမိန်းဂျုံးစ်နှင့် မိနစ် ၈၀ တွင် ဒမ်ဆေး **(ယာပုံ)**တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲတွင် ဂျမေကာ နောက်ခံကစားသမား ဂျာမိန်းတေလာ ပွဲချိန် ၆၇ မိနစ်တွင် အနီကတ်ပြ ထုတ်ပယ်ခြင်းခံခဲ့ရသည်။

ပနားမားနှင့် အယ်လ်ဆာဗေးဒိုးတို့ပွဲမှာ သာမန်ပွဲကစားချိန်အတွင်း တစ်ဂိုးစီသရေကျနေ၍ ပယ်နယ်တီကန်သွင်းခဲ့ရာ ပနားမားက ငါးဂိုးဝင်ပြီး အယ်လ်ဆာဗေးဒိုးက သုံးဂိုးသာဝင်ခဲ့၍ ပနားမားအသင်း အကြိုဗိုလ်လုပွဲတက်ခွင့်ရသွားသည်။ ဤပွဲတွင် ပွဲချိန် မိနစ် ၉၀ ၌ ပနားမားအသင်းမှ ဘေးလ်ပီရက်ဇ် အနီကတ်ပြသခံခဲ့ရသကဲ့သို့ အယ်လ်ဆာဗေးဒိုးအသင်းမှ အလွန်ဆို

နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ဇွန် ၂၂ ရက်တွင် အမေရိကန်နှင့် ပနားမား၊ ဟွန်ဒူးရပ်စ်နှင့် မက္ကဆီကိုတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ESPN။

ဟန်သစ်

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ တရားဝင်လက်ထပ်ပြီ

ပါရီ ဇွန် ၂၀

အသက်(၃၃)နှစ်ရှိ ချယ်လ်ဆီးအသင်းတိုက်စစ်မှူး ဒီဒီယာ ဒရော့ဘာသည် ၁၂ နှစ်ကြာအတူလက်တွဲလာခဲ့သည့် လာလာဒီရာကိုက်နှင့် တရားဝင်လက်ထပ်လိုက်ပြီဖြစ်သည်။

ဒရော့ဘာနှင့် လာလာဒီရာကိုက်တို့သည် ၁၉၉၉ ခုနှစ်က မီလန်မြို့တွင် ဆုံတွေ့ပြီး ချစ်ကျွမ်းဝင်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦး ယခုလက်ထပ်ချိန်တွင် သားသမီးသုံးဦး ရရှိထားပြီးဖြစ်သည်။ လက်ထပ်ပွဲကို ပြင်သစ်နိုင်ငံ မိုနာကိုမြို့ မွန်တီကာလိုပင်လယ်အော်ရှိ မွန်တီကာလိုဟိုတယ်၌ အကျဉ်းချုံးကျင်းပခဲ့ခြင်းဖြစ်သည်။ လက်ထပ်ပွဲသို့ တက်ရောက်လာသည့် ပရိသတ် ၅၀၀ ထဲတွင် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်လည်းပါဝင်ခဲ့ပြီး တစ်သင်းတည်း ကစားဖော်များဖြစ်ကြသည့် မိုက်ကယ်အက်ဆီယန်၊ ဆော်လမွန်ကာလူးနှင့် ဖလောရင့်မာလူဒါတို့ပါ တက်ရောက်ခဲ့သည်။ ထို့ပြင် ဘတ်စကက်ဘောအကျော်အမော်များနှင့် အမေရိကန် R & B အဆိုတော် အေကွန်တို့လည်း လက်ထပ်ပွဲသို့ တက်ရောက်ခဲ့သည်။ အာဖရိကရိုးရာအတိုင်း ကျင်းပခဲ့သည့် ဒီဒီယာ ဒရော့ဘာနှင့် လာလာဒီရာကိုက်တို့၏ မင်္ဂလာပွဲတွင် ဆော်လမွန်ကာလူးနှင့် ဖလောရင့်မာလူဒါတို့က သတို့သားအရံများအဖြစ် ပါဝင်ခဲ့ကြသည်။

The Sun။

နိုင်ငံတကာအနုပညာရပ်ဝန်း — အောဝမ်းစိုး

MuchMusic ဗီဒီယိုဆုပေးပွဲတွင် ဂျက်စတင်ဘီဘာနှင့် လေဒီဂါဂါတို့ ဆုနှစ်ခုစီဆွတ်ခူး

ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ဇွန် ၁၉ ရက် တနင်္ဂနွေညက ကျင်းပခဲ့သည့် Much Music ဗီဒီယိုဆုပေးပွဲတွင် ကမ္ဘာကျော်ပေါ့ပ် အဆိုတော်များဖြစ်သည့် ဂျက်စတင်ဘီဘာနှင့် လေဒီဂါဂါတို့က ဆုနှစ်ခုစီ ဆွတ်ခူးရရှိသွားကြောင်း သတင်းများတွင် ဖော်ပြသည်။ ယင်းဆုပေးပွဲကို အမေရိကန်ပေါ့ပ်အဆိုတော် လေဒီဂါဂါက သူ၏ သီချင်းသစ် The Edge of Glory ဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီးနောက် အဆိုတော် ဆီလီနာဂိုမက်ဇ်က ဆက်လက် ဖျော်ဖြေသီဆိုခဲ့သည်။

ယင်းဆုပေးပွဲတွင် ဆီလီနာဂိုမက်ဇ်၏ချစ်သူ ကနေဒီယန်ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာက Somebody to Love သီချင်းဖြင့် အကျော်ကြားဆုံး အနုပညာ



MuchMusic ဗီဒီယို ဆုပေးပွဲတွင် အဆိုတော် လေဒီဂါဂါ သီဆိုဖျော်ဖြေစဉ်။

ဆုပေးပွဲသို့ တက်ရောက်လာသော ဂျက်စတင်ဘီဘာနှင့် ဆီလီနာဂိုမက်ဇ်။

ရှင်ဆုနှင့် Find Your Love သီချင်းဖြင့် တစ်နှစ်တာ အကောင်းဆုံးဗီဒီယိုဆုများကို ဆွတ်ခူးရရှိသွားပြီး လေဒီဂါဂါက Judas တေးသီချင်းဖြင့် နိုင်ငံတကာဗီဒီယိုတေးသီချင်းများတွင် တစ်နှစ်တာအကောင်းဆုံးအနုပညာရှင်ဆုနှင့် Born This Way တေးအယ်လ်ဘမ်ဖြင့် နိုင်ငံတကာလူကြိုက်အများဆုံး ဗီဒီယိုဆုတို့ကို ဆွတ်ခူးရရှိသွားသည်။

အခြားအနုပညာရှင်များဖြစ်သည့် Far East Movement တေးဂီတအဖွဲ့က Like a G6 တေးသီချင်းဖြင့် နိုင်ငံတကာအုပ်စုလိုက် ဗီဒီယိုတေးသီချင်းများတွင် တစ်နှစ်တာအကောင်းဆုံး အုပ်စုလိုက်ဖျော်ဖြေမှုဆုနှင့် အဆိုတော်ရှာဝန်ဒက်စ်မန်းက Electric/Night Like This သီချင်းဖြင့် တစ်နှစ်တာအကောင်းဆုံး ဗီဒီယိုဆုတို့ကို ဆွတ်ခူးရရှိသွားသည်။ယင်းဆုပေးပွဲ အခမ်းအနားကို အဆိုတော်လေဒီဂါဂါက သူ၏ နာမည်ကျော်သီချင်းဖြစ်သည့် Born This Way ဖြင့် အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အင်တာနက်။

ပြည်သူ့ထံမှ ပေးစာများ

မီးစက်မီးခိုးနံ့မခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ် (၃၄)လမ်း(အထက်)တွင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်မရဘဲ စီးပွားရေးလုပ်ငန်းသုံး မီးစက်ကြီးကို လမ်းပိတ်ဆို့ထားရှိ၍လည်းပတ်သဖြင့် ထွက်ရှိသော မီးခိုးငွေ့အနံ့များကြောင့် အနီးပတ်ဝန်းကျင်ရှိ ပြည်သူများအား ကျန်းမာရေးထိခိုက်စေသဖြင့် ယင်းမီးစက်ကြီးကို အမြန်ဆုံးဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မီးခိုးနံ့မခံနိုင်ကြသူများ

လမ်းကြားအမှိုက်ပုံဖယ်ရှားစေလို

စာတည်းရှင့်-

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်း(အလယ်ဘလောက်)နှင့် (၅၃)လမ်းအကြား နောက်ဖေးလမ်းကြား တစ်ခုလုံးမှ အမှိုက်များကို ကျုံးပြီးစုပုံထားသည်မှာ ရက်အတော်ကြာပါပြီ။ ညဘက်တွင် အထပ်မြင့်အခန်းများမှ အမှိုက်များ ထပ်မံပစ်ချကြရာ လူတစ်ရပ်ခန့်ရှိပါသည်။ ရေစီးရေလာမကောင်း၊ အနံ့ အသက်ဆိုးများကြောင့် ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူတစ်ဦး

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီ၏ (၁/၂၀၁၁)အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၀

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီ၏ (၁/၂၀၁၁) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်၊ လုပ်ငန်းကော်မတီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီ၏ (၁/၂၀၁၁) အစည်းအဝေး ကျင်းပစဉ်။
(သတင်းစဉ်)